# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၃၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၅)၊ အမှတ် (၃၃၂)


**နေပြည်တော် မိုးလေဝသအခြေအနေ**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (ဩဂုတ် ၃၁ ရက်) ၌ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မလေးရှားဘုရင်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၃၁

၂၀၀၆ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၄၉)နှစ်မြောက် လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မလေးရှားဘုရင် တွမ်ကူ ဆာရိဒ်ဆီရာဂျူဒင် အစ်ဘနီ အယ်လ်မာဟူမ် တွမ်ကူဆာရိဒ် ပူထရာ ဂျမာလူလိုင်လ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

**(သတင်းစဉ်)**



**လက်ခံတွေ့ဆုံ**

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဗင်နီဇွဲလား ဘိုလစ်ဗေးရီးယန်းသမ္မတနိုင်ငံ သမ္မတ၏ အထူးကိုယ်စားလှယ် သံအမတ်ကြီး H.E. Mr. Vladimir Villegas အား နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်း ဗင်နီဇွဲလား ဘိုလစ်ဗေးရီးယန်းနိုင်ငံ သမ္မတ၏ အထူးကိုယ်စားလှယ် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဗင်နီဇွဲလား ဘိုလစ်ဗေးရီးယန်းသမ္မတနိုင်ငံ သမ္မတ၏အထူးကိုယ်စားလှယ် သံအမတ်ကြီး H.E. Mr. Vladimir Villegas နှင့်အဖွဲ့အား ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## မာဒေးကားဖလား ဆွတ်ခူးခဲ့သော မြန်မာဘောလုံးအသင်းအား လှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြု

( သတင်းနှင့်ဓာတ်ပုံမှတ်တမ်း စာ ၈ နှင့် ၉ )



**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

# ပြည်ထောင်စု၏ နယ်စပ်ဒေသတစ်ခွင် ဖွံ့ဖြိုးစည်ပင်

ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံသားတိုင်း ထမ်းဆောင်ရမည့် အမျိုးသားရေး တာဝန်ဖြစ်သည်။ နိုင်ငံတော်အစိုးရသည် နိုင်ငံ့တာဝန်ယူခဲ့ရသည့်အချိန်မှစ၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်ခဲ့သည်။

နိုင်ငံတော်အစိုးရ၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ဆောင်ရွက်ချက်များကို ယုံကြည်လက်ခံကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ၁၉၈၉ခုနှစ်မှစ၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။

နိုင်ငံတော်က ငြိမ်းချမ်းရေးရရှိသောဒေသများကို အထူးဒေသများအဖြစ် သတ်မှတ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်ပေးလျက်ရှိသည်။ တစ်ပြိုင်တည်းတွင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကိုလည်း တစ်စိုက်မတ်မတ် ဆောင်ရွက်ပေးခဲ့သည်။

သာဓကအားဖြင့် ‘ဝ’ဒေသတွင် လမ်းသစ်မိုင်ပေါင်း ၉၀၀နီးပါးကို ဖောက်လုပ်ပေးခဲ့ပြီး လမ်းဟောင်း မိုင်ပေါင်း ၁၀၀၀ခန့်ကိုလည်း အဆင့်မြှင့်တင်ပေးခဲ့သည်။ တံတားကြီးငါးစင်းနှင့် တံတားငယ် ၄၃စင်းကိုလည်း အသစ်တည်ဆောက်ပေးခဲ့သည်။

ပညာရည်မြှင့်တင်မှုအနေဖြင့် ‘ဝ’ဒေသတွင် အခြေခံပညာကျောင်းပေါင်း ၅၈ကျောင်း ဖွင့်လှစ်ပေးပြီး ဆေးရုံခြောက်ခု၊ ဆေးပေးခန်း ၁၁ခန်းနှင့် ကျန်းမာရေးဌာန ရှစ်ခုကို ဖွင့်လှစ်၍ တိုင်းရင်းသားများ၏ ကျန်းမာရေးကို စောင့်ရှောက်ပေးလျက်ရှိသည်။ စာတိုက်၊ ကြေးနန်းနှင့်တယ်လီဖုန်းရုံးများ ဖွင့်လှစ်ပေးထားသည့်အတွက် ဆက်သွယ်မှုလွယ်ကူလျက်ရှိသည်။ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံငါးခု တည်ဆောက်ပေးခဲ့ရာ မြို့ကြီးများနှင့် တစ်ပြေးညီ ဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်သည်။

၂၀၀၃ခုနှစ်တွင် ကိုးကန့်ဒေသကို မူးယစ်ဆေးဝါးကင်းမဲ့ဇုန်အဖြစ် တရားဝင်ကြေညာနိုင်ခဲ့ပြီး ‘ဝ’တိုင်းရင်းသားများ၏ ဒေသသည်လည်း ၂၀၀၅ခုနှစ် ဇွန်လက ဘိန်းစိုက်ပျိုးမှုကင်းမဲ့ဇုန်အဖြစ် ကမ္ဘာသိကြေညာနိုင်ခဲ့သည်။ ‘ဝ’ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျပ်သန်းပေါင်း ၂၈၆၅ဒသမ ၆၆သန်းကို နိုင်ငံတော်က ကျခံပေးခဲ့သည့်အပြင် ငွေနှင့်အထွေထွေပစ္စည်း ကျပ်သန်းပေါင်း ၁၂၅၆သန်းကိုလည်း ထောက်ပံ့ ဖြည့်ဆည်းပေးခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအတွက် နိုင်ငံတော်က ငွေကျပ်သန်းပေါင်း ၈၄၇၅၃ ဒသမ ၃၃သန်း အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ဤကဲ့သို့ နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးများဘဝ အဆင့်အတန်းမြင့်မားရေး ဆောင်ရွက်ချက်များသည် တိုင်းရင်းသားပြည်သူတို့အပေါ်ထားရှိသော နိုင်ငံတော်၏ စိတ်ရင်းစေတနာမှန်များပင် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



# ဓာတ်အားပေးစက်ရုံများ စက်စွမ်းအားပြည့် လည်ပတ် လျှပ်စစ်ဓာတ်အား အပြည့်အဝပေးနိုင်ရေး ကြိုးပမ်း စက်ကိရိယာပစ္စည်းများ စနစ်တကျကိုင်တွယ်မောင်းနှင်

နေပြည်တော် ဩဂုတ် ၃၀

**အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဒုတိယဝန်ကြီး ဦးမျိုးမြင့်လိုက်ပါ၍ မန္တလေးတိုင်း ပျဉ်းမနားမြို့ အရှေ့ဘက် ၁၁မိုင်အကွာ ကျဉ်တောင်ရွာအနီးရှိ ပေါင်းလောင်း မြေအောက်ဓာတ်အားပေးစက်ရုံသို့ ဩဂုတ်၂၅ ရက် မွန်းလွဲပိုင်းကရောက်ရှိပြီး တာဝန်ရှိသူများနှင့်အတူ ရေလှောင်တမံအတွင်းသို့ ရေဝင်ရောက်မှုအခြေအနေ၊ ရေသိုလှောင်ထားရှိမှု၊ ပင်မရေပိုက်လွှဲမှ ရေထုတ်လွှတ်မှုအခြေအနေ၊ ရေယူအဆောက်အအုံတို့ကိုလည်းကောင်း၊ ဓာတ်အားခွဲရုံ၌ စက်ခလုတ်များတပ်ဆင်ထားရှိမှု၊ ဓာတ်အားလိုင်းအဝင်၊ ဓာတ်အားလိုင်း အထွက်တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပေါင်းလောင်း မြေအောက်ဓာတ်အားပေးစက်ရုံ ပုံစံငယ်ကိုကြည့်ရှုသည်။**

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မြေအောက်ဓာတ်အားပေးစက်ရုံအတွင်းသို့ ဝင်ရောက်၍ ဓာတ်အားပေးစက်တစ်လုံးစီကို မောင်းနှင် ဓာတ်အားထုတ်လုပ်နေခြင်း၊ ဓာတ်အားထုတ်လုပ်ခန်းရှိ စက်ခလုတ်များ မောင်းနှင်နေမှု၊ ဓာတ်အားထိန်းချုပ်ခန်းတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ လျှပ်စစ်ဓာတ်အားပို့လွှတ်မှုတို့ကို စက်ခလုတ်များ၊ ကွန်ပျူတာများဖြင့် ထိန်းချုပ်မောင်းနှင်နေသည်ကို အသေးစိတ် ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

### တစ်ပြည်လုံးဖြန့်ဖြူး

ပေါင်းလောင်း မြေအောက်ဓာတ်အားပေးစက်ရုံတွင် ဖရန်စစ်အမျိုးအစား၇၀မဂ္ဂါဝပ်အင်အားရှိ ဓာတ်အားပေး စက်လေးလုံး တပ်ဆင်ထားပြီး လျှပ်စစ်ဓာတ်အားစုစုပေါင်း မဂ္ဂါဝပ် ၂၈၀မောင်းနှင်ဓာတ်အား ထုတ်လုပ်နိုင်သဖြင့် နှစ်စဉ်လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း ၉၁၁ သန်း ထုတ်လုပ်ပြီး ထွက်ရှိလာသော ဓာတ်အားများကို ၂၃၀ ကေဗွီ နှစ်ထပ်ဓာတ်အားလိုင်းဖြင့် ဓာတ်အားကွန်ရက်စနစ်မှတစ်ဆင့် တစ်ပြည်လုံးသို့ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီးသည် ဩဂုတ်၂၆ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း မြစ်သားမြို့နယ်ရှိ ကင်းတား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ရောက်ရှိပြီး စက်ရုံရှင်းလင်းခန်းမ၌ စက်ရုံမှ တာဝန်ရှိသူများ၊ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမေးမြန်းသည်။

ယင်းနောက် ဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါ၍ ပင်မတမံတွင် ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှုအခြေအနေ၊ ရေယူအဆောက် အအုံ၊ ရေဂိတ်တံခါးသုံးခုနှင့် ရေပိုလွှဲတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်မောင်းနှင်ခန်း၌ တာဘိုင်ဂျင်နရေတာမောင်းနှင်၍ ဓာတ်အားထုတ်လုပ်နေမှု၊ ဓာတ်အားထိန်းချုပ်ခန်း၌ စက်ခလုတ်များဖြင့် အောင်ပင်လယ် ဓာတ်အားခွဲရုံသို့ ဓာတ်အားပို့လွှတ်မှုအခြေအနေနှင့် ဓာတ်အားခွဲရုံမှ ဓာတ်အားလက်ခံ ဖြန့်ဖြူးမှု စသည်တို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

### ၄၄ မဂ္ဂါဝပ်

ကင်းတားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ၂၈မဂ္ဂါဝပ်အင်အားရှိ ဓာတ်အားပေးစက် နှစ်လုံးမှ စုစုပေါင်း ၅၆မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မောင်းနှင်၍ နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၆၅ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး ယခုအချိန်တွင် ဓာတ်အားပေးစက်နှစ်လုံးမှ စုစုပေါင်း ၄၄မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

### ဆွေးနွေးမှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဩဂုတ် ၂၇ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီး ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး စက်ရုံရှိ ဓာတ်အားထိန်းချုပ်ခန်းသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာ ကြားသည်။

ထို့နောက် ဝန်ကြီးသည် တာဘိုင်ဂျင်နရေတာများ တပ်ဆင်ထားရှိမှု၊ တာဘိုင်ဂျင်နရေတာများ မောင်းနှင်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု၊ တာဘိုင်များသို့ ရေရောက်ရှိမှုစသည်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### အသေးစိတ်ကြည့်ရှု

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ ရေစုဆောင်းသိုလှောင်ထားမှုအခြေအနေ၊ စိုက်ပျိုးရေပေးဝေမှုနှင့် ရေဂိတ်တံခါးများ၊ ရေဂိတ်တံခါးစက်ခလုတ်ခုံများကို အသေးစိတ်ကြည့်ရှုစစ်ဆေးသည်။

ဆည်တော်ကြီးဓာတ်အားပေးစက်ရုံသည် စက်တပ်ဆင်အင်အား ၁၂ ဒသမ၅ မဂ္ဂါဝပ်အင်အားရှိ ဓာတ်အားပေးစက်နှစ်လုံးမှ စုစုပေါင်း ၂၅ မဂ္ဂါဝပ်ဖြင့် နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၃၄ သန်း ထုတ်လုပ်၍ ရရှိလာသော လျှပ်စစ်ဓာတ်အားများကို ဓာတ်အားခွဲရုံများမှတစ်ဆင့် မဟာဓာတ်အားလိုင်းစနစ်ဖြင့် ချိတ်ဆက်၍ တစ်နိုင်ငံလုံးသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ယခုအခါ ဆည်တော်ကြီးဓာတ်အားပေးစက်ရုံရှိ ဓာတ်အားပေးစက်နှစ်လုံးမှ နေ့စဉ်လျှပ်စစ်ဓာတ်အား ၂၂မဂ္ဂါဝပ်ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည်။

### ကြိုးစားလေ့လာသင်ယူ

ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းသည် စက်ရုံများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် စက်ရုံအသီးသီးရှိ ဝန်ထမ်းများနှင့် တွေ့ဆုံရာ၌ ဝန်ကြီးက မိမိတို့ တာဝန်ထမ်းဆောင်ရသော ဓာတ်အားပေးစက်ရုံများမှ စက်စွမ်းအားပြည့်လည်ပတ်၍ လျှပ်စစ်ဓာတ်အားအပြည့်အဝ ထုတ်လုပ်ပေးနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဓာတ်အားပေးစက်များ၊ စက်ခလုတ်များ၊ ယာဉ်နှင့်စက်ပစ္စည်း ကိရိယာများကို စနစ်တကျ ကိုင်တွယ်မောင်းနှင် ထိန်းသိမ်းကြရန်၊ ဓာတ်အားပေးစက်နှင့် စက်ပစ္စည်း ကိရိယာများ၏ ကြံ့ခိုင်မှုကို ပုံမှန်ပြုလုပ်ကြရန်၊ မျိုးဆက်သစ်ဝန်ထမ်းများကို ဆင့်ပွားလေ့ကျင့်ပညာပေးကြရန်၊ ဝန်ထမ်းများအားလုံး ခေတ်နှင့်အညီ အတတ်ပညာများ၊ နည်းပညာများကို မျက်ခြည်မပြတ် ကြိုးစားလေ့လာသင်ယူကြရန် ဆွေးနွေးမှာကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**မိဘနှစ်ပါးအား ရည်စူး၍ အမှတ်၇ ရွှေတောင်ကြား ၁လမ်း ဗဟန်း မြို့နယ်နေ ဒေါက်တာစိုးပြေ- ဒေါက်တာ ကေသီစော မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် ကျပ်သုံးသိန်းသုံးသောင်း လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးညွန့်လက်ခံယူစဉ်။** (က-ပ)

*** ကျောဖုံးမှ**

ရှေးဦးစွာ ဇန်းမော်ခရိုင် မြေစာရင်း ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးညွန့်ဝင်းက မြေယာအသုံးချမှုနှင့် အဓိကသီးနှံလေးမျိုး စိုက်ပျိုးပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးဆင်ဝါးဘောက်က အထွက်တိုးစပါးနှင့် နည်းပညာအသုံးပြု စိုက်ပျိုးမှုအခြေအနေကိုလည်းကောင်း၊ ခရိုင် သစ်တော ဦးစီးဌာနမှူး ဦးခင်မောင်ဦးက သစ်တော၊ သစ်ပင်များ ပျိုးထောင်စိုက်ပျိုးပြီးစီးမှုအခြေအနေကို လည်းကောင်း၊ ဇန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသောင်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာ၌ ပြည်ထောင်စုကြီး၏ အစိတ်အပိုင်းအားလုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်အစိုးရက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး (၂၄)ခု စီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် စီမံကိန်းတို့ကို စနစ်တကျချမှတ် ဖော်ဆောင်လျက်ရှိကြောင်း၊ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးသည် အဓိကကျသည့်အတွက် နိုင်ငံတော်က လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်တိုးတက်ရန် လမ်း၊ တံတားများကို ဆောက်လုပ်ပြုပြင်ဆောင်ရွက်ပေးမှုကြောင့် ယခင်က လေကြောင်းနှင့် ရေကြောင်းတို့ကိုသာ အဓိကထား သွားလာနေရသည့် ဇန်းမော်ခရိုင်အနေဖြင့် ယခုအခါ ဇန်းမော်–မြစ်ကြီးနားလမ်း၊ ဇန်းမော်–လွယ်ဂျယ်လမ်း၊ ဇန်းမော်–နမ့်ခမ်းလမ်း၊ ဇန်းမော်–စီအူလမ်း၊ ဇန်းမော်–ရွှေကူ–မန္တလေးလမ်းတို့ဖြင့် လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့လျက်ရှိနေပြီး နယ်စပ်ဒေသများကိုပါ ခရီးသည်နှင့် ကုန်စည်များ ပို့ဆောင်ပေးနိုင်ပြီဖြစ်ကြောင်း၊ ဒေသဆန်ဖူလုံမှုရှိသော်လည်း ခေတ်မီစိုက်ပျိုး နည်းစနစ်များနှင့်အညီ ဒေသနှင့်ကိုက်ညီသော မျိုးကောင်း မျိုးသန့်များကို ရွေးချယ်စိုက်ပျိုးပြီး စပါးအထွက်နှုန်းပိုမိုကောင်းမွန်ထွက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ဒီဇယ်အစားထိုး ဇီဝဒီဇယ်ထုတ်လုပ်နိုင်သည့် ကြက်ဆူပင်များကို အမျိုးသားရေးတာဝန်အနေဖြင့် စီမံချက်နှင့်အညီ ပြည့်မီအောင် စိုက်ပျိုးကြရန်ဖြစ်ကြောင်း။

**ထိန်းသိမ်းစောင့်ရှောက်**

ထို့အပြင် ရာသီစိုက်သီးနှံများသာမက နှစ်ရှည်သီးနှံပင်များဖြစ်သည့် တည်း၊ ရော်ဘာ၊ ကျွန်း စသည်တို့ကိုလည်း ရေရှည်အကျိုးအတွက် မျှော်မှန်း စိုက်ပျိုးကြစေလိုကြောင်း၊ ဒေသ စိမ်းလန်းစိုပြည်ရေးအတွက် သစ်တော၊ သစ်ပင်များကိုလည်း ထိန်းသိမ်းစောင့်ရှောက်ရမည် ဖြစ်ကြောင်း၊ ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူတို့၏ စံနမူနာပြဖြစ်အောင် အားကြိုးမာန်တက် လုပ်ကိုင်ဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ် (ဇန်းမော်)သို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီး ဒေါက်တာ ဦးကျော်အောင်နှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

**အားပေးစကားပြောကြား**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် Language Lab နှင့် Computer Room တို့၌ ခေတ်မီသင်ထောက်ကူပစ္စည်းများဖြင့် ပညာသင်ကြားသင်ယူနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

ယင်းနောက် ပင်မဆောင်ရှိ အစည်းအဝေးခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ကျောင်းအုပ်ကြီးက ကျောင်း၏ တည်နေရာနှင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည် သာယာလှပရေး မှာကြားသည်။

**ကြိုးစားအားထုတ်**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများအား စာတတ်မြောက်အောင် စေတနာထား သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့်လည်း မိမိတို့တစ်ဦးချင်းစီ၏ အရည်အသွေးများကို ပိုမိုမြင့်မားသည်ထက် မြင့်မားအောင် ကြိုးစား အားထုတ်ကြရမည် ဖြစ်ကြောင်း၊ အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျောင်းဝန်းကျင် စိမ်းလန်းစိုပြည် သာယာလှပရေးအတွက် နှစ်ရှည်ပင်ဖြစ်သည့် တည်းပင်နှင့် ထောပတ်ပင်များကို စိုက်ပျိုးစေလိုကြောင်းဖြင့် မှာကြားသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အစိုးရကွန်ပျူတာကောလိပ် (ဇန်းမော်)သို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး ဒေါက်တာ ဒေါ်လွင်လွင်ဦးက ကျောင်း၏ တည်နေရာနှင့် လုပ်ငန်းဆောင်ရွက်မှုများ၊ ကျောင်းအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

**ရာသီ သီးနှံစိုက်ပျိုး**

ရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ကျောင်းဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေးနှင့် နှစ်ရှည်သီးနှံ တည်းပင်၊ထောပတ်နှင့် ရာသီသီးနှံစိုက်ပျိုးကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဇန်းမော်မြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး သင်တန်းကျောင်းအုပ် ဒေါ်သင်းသင်းမြတ်က သင်တန်းများ ပို့ချပြီးစီးမှုအခြေအနေနှင့် ထပ်မံဖွင့်လှစ်မည့် သင်တန်းအတွက် ပြင်ဆင်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

**ကြိုဆို**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် ခုတင်(၂၀၀)ဆံ့ ဇန်းမော်မြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကျော်ညွန့်စိန်နှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပြည်သူ့ဆေးရုံအတွက် လိုအပ်ချက်များကို မေးမြန်းပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်နယ်ရှိ ခြစ်ည်းရိုးကြက်ဆူပင် စိုက်ခင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးကြရာ ဇန်းမော်တပ်နယ်မှ ဗိုလ်မှူးကြီးစိန်ဝင်းက တပ်နယ်အတွင်း မြေဧက ၁၀၀ ၌ ခြစ်ည်းရိုးကြက်ဆူပင်၁၂၀၀၀၀ စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်တိုးချဲ့စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဇန်းမော်ဒီဂရီကောလိပ်သို့ ရောက်ရှိကြပြီး ကျောင်းဝင်းအတွင်းရှိ ဧက ၅၀ ခြစ်ည်းရိုးကြက်ဆူပင်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များအား ပင်မဆောင်ရှိ အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး ဦးတင်အောင်က ဇန်းမော် ဒီဂရီကောလိပ်၏ တည်နေရာနှင့် လုပ်ငန်းဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

**ဝိုင်းဝန်းဆောင်ရွက်**

ရှင်းလင်းတင်ပြချက်နှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ဆရာ ဆရာမများအနေဖြင့် အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန်နှင့် နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများကိုလည်း ကြိုးပမ်း လုပ်ဆောင်ကြရန်၊ နှစ်ရှည်ပင်ဖြစ်သည့် တည်း၊ထောပတ်ပင်များနှင့်ခြစ်ည်းရိုးကြက်ဆူပင်များကိုလည်း ကျောင်း၏ မြေလွတ်၊ မြေလပ်၊ မြေကွက်လပ်များနှင့် ကျောင်းအဝင် လမ်းဘေး၊ ဝဲယာတစ်လျှောက်၌ တိုးချဲ့စိုက်ပျိုးကြရန်၊ မိမိတို့ ကျောင်းတော်ကြီး စိမ်းလန်းစိုပြည် သာယာလှပရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် စာသင်ဆောင်များကို လှည့်လည် ကြည့်ရှုစစ်ဆေးကြပြီး ဆရာမဆောင် ဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဇန်းမော်မြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**



**ဩဂုတ် ၃၀ ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဗင်နီဇွဲလားဘိုလစ်ဗေးရီးယန်းသမ္မတနိုင်ငံ သမ္မတ၏ အထူးကိုယ်စားလှယ် သံအမတ်ကြီး H.E.Mr. Vladimir Villegas အား နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံးဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်း–ရှေ့ဖုံး)
(သတင်းစဉ်)

## ၂၀၀၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲ ဆုရသူများ ကြေညာ

**ရန်ကုန် ဩဂုတ် ၃၀**

၂၀၀၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲ ဆုရရှိသူများစာရင်းကို သက်ဆိုင်ရာက ယနေ့ ထုတ်ပြန်ကြေညာသည်။

အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို **'ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ ပညာရေးကိုမြှင့်တင်စို့'** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆု ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ လက်ထောက်ကထိက ဒေါက်တာသန်းဝင်း(မောင်သန်းဝင်း–ရန်ကုန်တက္ကသိုလ်)၊ ဒုတိယဆု မင်္ဂလာဒုံမြို့နယ် အမှတ်(၁)တပ်မတော်ဆေးရုံကြီးမှ သူနာပြုအရာရှိ ဗိုလ်ဒေါ်တင်ဇာမော်(မြခြူးအိမ်)နှင့် တတိယဆု ဇလွန်မြို့နယ်မှ အထက်တန်းပြဆရာ(ငြိမ်း) ဦးကျော်ထွန်း (အဖျောက်မြေမောင်ဆွေမွန်)တို့က ရရှိကြသည်။

**ယှဉ်ပြိုင်ခဲ့**

ပညာရေးတက္ကသိုလ်၊ ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲကို **'သက်ကြီးစာတတ်မြောက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး'** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆု ရန်ကုန်ပညာရေးတက္ကသိုလ်မှ ဒုတိယနှစ်ကျောင်းသူ မနှင်းဥရည်၊ ဒုတိယဆု ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဒုတိယနှစ်ကျောင်းသူ မစုစန္ဒီဝင်းနှင့် တတိယဆု ထားဝယ် ပညာရေးကောလိပ်မှ ဒုတိယနှစ်ကျောင်းသူ မနေနွယ်လှိုင်တို့က ရရှိကြသည်။

အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို **'သက်ကြီးစာတတ်မြောက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး'** ခေါင်းစဉ်ဖြင့်ယှဉ်ပြိုင်ခဲ့ရာ ပထမဆု အလက(၁) ပုသိမ်မှ အဋ္ဌမတန်းကျောင်းသား မောင်ကျော်ခိုင်ထက်၊ ဒုတိယဆု အထက(၂) မြိတ်မှ နဝမတန်းကျောင်းသား မောင်သန့်အောင်ဖြိုးနှင့် တတိယဆု အထက(၂) မုဒုံမှ နဝမတန်းကျောင်းသူ မသီတာထွေးတို့က ရရှိကြသည်။

**ဆုရရှိ**

အခြေခံပညာအလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲကို **'ကျောင်းသွားကြစို့ တူပျော်ပျော်'** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆု အထက(၄) တာမွေမှ သတ္တမတန်းကျောင်းသူ မစုလှိုင်ထွန်း၊ ဒုတိယဆု အထက(၁) အောင်မြေသာစံ မန္တလေးမြို့မှ အဋ္ဌမတန်းကျောင်းသား မောင်အောင်သူရနှင့် တတိယဆု အထက(၂) ပုသိမ်မှ သတ္တမတန်းကျောင်းသူ မသွန်းရွှေရည်ဝင်းဆုတို့က ရရှိကြသည်။

ဆုရရှိသူများအားလုံးသည် စက်တင်ဘာ ၄ ရက် ညနေနောက်ဆုံးထား၍ နေပြည်တော်ရှိ အထက(၆) နေပြည်တော်(ဘူးကွဲ–တောင်) ကျောင်းအုပ်ကြီး ဦးဝင်းသိန်း ဖုန်း–၀၆၇–၄၂၀၃၃၇ ထံသို့ လူကိုယ်တိုင် မပျက်မကွက် သတင်းပို့ကြရမည်ဖြစ်သည်။ **(သတင်းစဉ်)**




## နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်း မလေးရှားနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၃၁**

၂၀၀၆ ခုနှစ် ဩဂုတ် ၃၁ ရက်တွင်ကျရောက်သော မလေးရှားနိုင်ငံ၏ (၄၉)နှစ်မြောက် လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်းထံမှ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒါတိုဆရီ ဆာရိဒ်ဟာမစ် ဘင်ဆာရိဒ် ဂျဖာအယ်လ်ဘာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

## တိုင်းရင်းဆေးပညာဆိုင်ရာ စာမူများ၊ဆေးဝါးနှင့် ဆေးခန်းကြော်ငြာများ ခွင့်ပြုချက်လိုအပ်

**နေပြည်တော် ဩဂုတ် ၃၀**

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ထုတ်ဝေဖြန့်ချိလျက်ရှိသော နေ့စဉ်ထုတ် သတင်းစာများ၊ အပတ်စဉ်ထုတ် ဂျာနယ်များ၊ လစဉ်ထုတ် မဂ္ဂဇင်းများနှင့် ဆေးပညာဆိုင်ရာ လုံးချင်းစာအုပ်များတွင် တိုင်းရင်းဆေးပညာဆိုင်ရာ စာမူများ၊ တိုင်းရင်းဆေးဝါးနှင့် တိုင်းရင်းဆေးခန်းကြော်ငြာများကို ထည့်သွင်းဖော်ပြလိုပါက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ ဦးဝင်းမြင့်(ညွှန်ကြားရေးမှူး) ဖုန်း ၀၆၇–၄၁၁၃၆၃၊ ဒေါ်ဝတ်ရည်ဆွေ (ဒုတိယညွှန်ကြားရေးမှူး) ဖုန်း ၀၆၇–၄၁၁၀၂၇ နှင့် Fax–၄၁၁၃၆၀ တို့သို့ ကြော်ငြာမူရင်း စာသားများနှင့် စာမူများကို ပေးပို့တင်ပြ၍ တိုင်းရင်းဆေးပညာ ဦးစီးဌာန၏ ခွင့်ပြုချက်ရယူရန်လိုအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ ဆက်သွယ်ရေး ကုန်စည်ပြပွဲတစ်ခု၌ အရောင်းဝန်ထမ်းများက မိုဘိုင်းလ်ဖုန်းများ ပြသနေသည်ကို ဩဂုတ် ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း
နိုင်ငံခြား
သတင်းများ

# ကမ္ဘောဒီးယား၌ ဇီဝလောင်စာဆီထုတ်လုပ်ရန် သုတေသနပြုလုပ်

ဖနောင်ပင် ဩဂုတ် ၃၀

**ကမ္ဘောဒီးယားနိုင်ငံသည် ကမ္ဘာ့ရေနံဈေးနှုန်း မြင့်တက်နေမှုကြောင့် ရေနံအစားထိုး ဇီဝလောင်စာဆီထုတ်လုပ်ရေးအတွက် စူးစမ်းလေ့လာမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ကမ္ဘောဒီးယား ပြည်တွင်း မီဒီယာများက ဩဂုတ် ၂၈ ရက်၌ ဖော်ပြသည်။**

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ဂျာမနီနှင့် ဘရာဇီးနိုင်ငံများကဲ့သို့ အလားတူ ဇီဝလောင်စာဆီများထုတ်ယူနိုင်ရန်အတွက် သုတေသနပြုမှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာနမှ ပြောကြားချက်ကို စီးပွားရေးသတင်းစာက ဖော်ပြသည်။

### ဆောင်ရွက်

ကမ္ဘောဒီးယားနိုင်ငံရှိ တောင်သူလယ်သမားများနှင့် စီးပွားရေးလုပ်ငန်းရှင်များအား ပီလောပီနံ၊ ပဲသီး၊ ပြောင်းဖူးနှင့် ဝါးကဲ့သို့သော ဇီဝလောင်စာဆီ ပြောင်းလဲထုတ်ယူနိုင်သည့် အသီးအနှံများကို ဦးစားပေးစိုက်ပျိုးစေမည်ဖြစ်ပြီး ရေနံအစားထိုး လောင်စာဆီအဖြစ် သုံးစွဲနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

### ပြောင်းလဲထုတ်ယူ

ထို့အပြင် ဆီအုန်းပင်နှင့်သဘော်သီးကဲ့သို့သော အရာများမှလည်း ဇီဝဒီဇယ်ဆီ ပြောင်းလဲထုတ်ယူနိုင်ရန် သုတေသနပြုလျက်ရှိသည်ဟု ကမ္ဘောဒီးယား နိုင်ငံစက်မှု၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာနမှ အရာရှိတစ်ဦးဖြစ်သူ ဆတ်ဆာမိုင်က ပြောကြားသည်။

### စတင်ပြုလုပ်

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံနှင့်အတူ အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံနှင့် ဇီဝလောင်စာစွမ်းအင်စက်ရုံများ တည်ဆောက်ရန် လေ့လာသုတေသနပြုမှုကို ပူးပေါင်းဆောင်ရွက်မှုစတင်ပြုလုပ်သွားမည်ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# တရုတ်အနောက်ပိုင်းတွင် ယာဉ်တိုက်မှုဖြစ်ပွား ခရီးသည် ၁၁ဦးသေဆုံး၊ ၂၅ဦးဒဏ်ရာရ

**ပေကျင်း ဩဂုတ် ၃၀**

တရုတ်နိုင်ငံအနောက်ပိုင်း ယန်ချီမြို့ပြင်တွင် ခရီးသည်တင်မော်တော်ယာဉ်နှစ်စီး ခေါင်းချင်းဆိုင်တိုက်မိသဖြင့် လူ ၁၁ ဦးသေဆုံးပြီး ၂၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ဩဂုတ် ၂၉ ရက်၌ ပြောကြားသည်။ **(အောက်ပုံ)**

### တိုက်မိ

ခရီးသည်တင် မော်တော်ယာဉ်နှစ်စီးသည် ယန်ချီမြို့အနီး အဝေးပြေးလမ်းမပေါ်တွင် ဩဂုတ် ၂၈ ရက် မွန်းလွဲ ၁၂ နာရီ ၁၇ မိနစ်က ခေါင်းချင်းဆိုင်တိုက်မိခဲ့ကြခြင်း ဖြစ်သည်။

### ဆောင်ရွက်

တိမ်းမှောက်နေသော မော်တော်ယာဉ် အပျက်အစီးများနှင့် ဒဏ်ရာရသူများအား ရဲတပ်ဖွဲ့ဝင်များနှင့် ကယ်ဆယ်ရေးအဖွဲ့များက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ **(အင်တာနက်)**



# တောင်အာဖရိကမှ အမျိုးသမီးကြီးတစ်ဦး အသက်၈၅နှစ်အထိ စာပေသင်ကြားပို့ချ

ဂျိုဟန်နစ္စဘတ် ဩဂုတ် ၃၀

**အသက် ၈၅နှစ်ရှိပြီဖြစ်သော နောင့်ဆီကေလီလို ကျူဝီလိန်းသည် တောင်အာဖရိကနိုင်ငံ၏ အသက်အကြီးဆုံး ကျောင်းဆရာမဖြစ်လာကြောင်း၊ ၎င်းသည် နေ့စဉ်စာသင်ယူနေသောသူများအား သင်တန်းများ ပို့ချနေဆဲဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ရေးသားဖော်ပြသည်။**

### လေးစား

သူမသည် အမ်ပွမ်မာလန်ဂါပြည်နယ်ရှိ ကျောင်းတစ်ကျောင်း၌ စာသင်ခန်းပေါင်း ၁၂ခန်းသို့ ပထဝီဝင်ဘာသာ သင်ကြားပေးနေကြောင်း၊ သူမ၏ ကျောင်းသားကျောင်းသူများနှင့် လုပ်ဖော်ကိုင်ဖက်များအားလုံးက သူမအား လေးစားကြကြောင်း၊ သူသည် ကျောင်းဆရာမအလုပ်ကို စေတနာ၊ ဝါသနာ၊ အနစ်နာခံ၍ သင်ကြားပေးနေသူဖြစ်ကြောင်း ဆန်းဒေးတိုင်းမ်သတင်းစာက ဖော်ပြသည်။

### သင်ကြား

ကျူဝီလိန်းသည် ၁၉၄၀ ပြည့်နှစ်မှစ၍ ရွာတစ်ရွာ၌ ကျောင်းဆရာမအလုပ်ကို လုပ်ကိုင်ခဲ့သည်။ ယခုအခါ သူမသည် တစ်ရက်လျှင် ပျမ်းမျှအားဖြင့် ငါးနာရီကြာ စာသင်ပြီး သင်ကြားရာတွင် သင်ရိုးညွှန်းတမ်းစာအုပ်ကို မကိုင်ဘဲ သင်ကြားလေ့ရှိကြောင်း သိရသည်။

### တန်းလုံးကျွတ်အောင်

သူမသည် ယမန်နှစ်က ကျောင်းသားကျောင်းသူ ၁၁၀ အား သင်ကြားပေးရာ ၁၀၈ ဦး စာမေးပွဲအောင်ခဲ့ကြောင်း၊ ၂၀၀၄ခုနှစ်က ရာနှုန်းပြည့် တန်းလုံးကျွတ်အောင်မြင်အောင် သင်ကြားပေးနိုင်သည့် ဆရာမဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# တောင်ကိုရီးယားနှင့် ဂီနီနိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်

**ဆိုးလ် ဩဂုတ် ၃၀**

တောင်ကိုရီးယားနိုင်ငံနှင့် ဂီနီနိုင်ငံတို့သည် သံတမန်ဆက်ဆံရေး ထူထောင်လိုက်ပြီဖြစ်ကြောင်း ဩဂုတ် ၂၈ ရက်က ကြေညာချက်ထုတ်ပြန်သည်။

### လက်မှတ်ရေးထိုး

တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ဘန်ကီမွန်းနှင့် ဂီနီနိုင်ငံခြားရေးဝန်ကြီး မာနာဒီကွန်ဒီတို့သည် ထိုနေ့အစောပိုင်းက ဆိုးလ်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် သံတမန်ဆက်ဆံရေး ထူထောင်သည့် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

### ဆက်ဆံ

ဂီနီနိုင်ငံသည် တောင်ကိုရီးယားနိုင်ငံက အာဖရိကနိုင်ငံများတွင် သံတမန်အဆင့်ထားရှိဆက်ဆံသည့်နိုင်ငံများတွင် ၅၃ နိုင်ငံမြောက်ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အီရတ်၌ ကန်တပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံး

**ဘဂ္ဂဒက် ဩဂုတ် ၃၀**

အီရတ်နိုင်ငံ၌ သီးခြားစီဖြစ်သော လမ်းဘေးဗုံးထောင်၍ ပြောက်ကျားများ၏ တိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ဩဂုတ် ၂၈ ရက်၌ ပြောကြားသည်။

### ဖော်ပြ

လမ်းဘေးဗုံးတစ်လုံးမှာ ဩဂုတ် ၂၇ ရက်က ဘဂ္ဂဒက် မြောက်ပိုင်း၌ အမေရိကန်စစ်ယာဉ်တစ်စီး ထိမှန်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်လေးဦးသေဆုံးသွားကြောင်း အမေရိကန်စစ်တပ် ကြေညာချက်တွင် ဖော်ပြသည်။

### ဗုံးထိမှန်

အခြားဗုံးတစ်လုံးမှာ ဘဂ္ဂဒက် အနောက်ပိုင်း၌ လမ်းဘေးဗုံးထိမှန်၍ ပဉ္စမမြောက်တပ်ဖွဲ့ဝင်သေဆုံးခဲ့ကြောင်း၊ ဆဋ္ဌမမြောက် တပ်ဖွဲ့ဝင်မှာ သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက် ကြေညာချက်၌ ဖော်ပြသည်။

### သေဆုံး

အီရတ်ကို အမေရိကန်ကျူးကျော်တိုက်ခိုက်သည့် ၂၀၀၃ ခုနှစ် မတ်လနောက်ပိုင်း အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၂၆၂၀ ရှိသွားပြီဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အိန္ဒိယတွင် ရေလွှမ်းမိုး၊ ၈၅ ဦးသေဆုံး

နယူးဒေလီ ဩဂုတ် ၃၀

**အိန္ဒိယနိုင်ငံ ရာဂျက်စ်သန်မြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းခဲ့မှုကြောင့် ယခုနှစ်တွင် သေဆုံးသူ ၈၅ဦးရှိကြောင်း ထိုသို့သေဆုံးသူများတွင် ဘာမာမြို့၌ ရေလွှမ်းမှုကြောင့် သေဆုံးသူ ၅၀လည်း ပါဝင်ကြောင်း သိရသည်။** (အောက်ပုံ)



သို့သော်လည်း သေဆုံးသူစုစုပေါင်းမှာ ၃၀၀ခန့်ရှိပြီး ဘာမာမြို့အနီးမယ်ဗာကျေးရွာ၌ပင် သေဆုံးသူ ၃၆ဦးရှိကြောင်း၊ ဘာမာမြို့တစ်မြို့တည်း၌ပင် သေဆုံးသူ ၂၀၀ခန့်ရှိကြောင်း အိန္ဒိယမီဒီယာများက ဖော်ပြသည်။

### ကြုံတွေ့

ယခုနှစ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဘာမာမြို့၌ မိုးရေချိန် ၅၇၇ မီလီမီတာအထိ ရွာသွန်းခဲ့ရာ လူဦးရေ နှစ်သန်းခန့် ရေဘေးဒုက္ခကြုံတွေ့ခဲ့ရသည်။ လူရှစ်သိန်းခန့်မှာ ရေဘေးဒုက္ခ ဆိုးရွားစွာကြုံတွေ့ခဲ့ပြီး တိရစ္ဆာန်ကောင်ရေ ၄၅၀၀၀ခန့် သေဆုံးခဲ့ရသည်ဟု ဒေသဆိုင်ရာ အရာရှိ များက ဖော်ပြသည်။

### ပျက်စီး

ရေလွှမ်းမှုကြောင့် နေအိမ် ၅၂၀၀ ပျက်စီးပြီး ကောက်ပဲသီးနှံများ ပျက်စီးမှုမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ သန်းဖိုးခန့်ရှိကြောင်း ဖော်ပြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အာရှမြူစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး
# တောင်ကိုရီးယားနှင့် ဂျပန်နှစ်နိုင်ငံသဘောတူ

ဆိုးလ် ဩဂုတ် ၃၀

**အဏုမြူစွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် တောင်ကိုရီးယားနှင့် ဂျပန်အစိုးရတို့က သဘောတူလက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း ယွန်ဟတ်သတင်းဌာနက ဩဂုတ် ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။**

ထိုနှစ်ဦးနှစ်ဖက်သဘောတူ စာချုပ်တွင် ပါရှိသည့် အသေးစိတ်အချက်များကို တရားဝင်မထုတ်ပြန်သော်လည်း အဏုမြူစွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာချုပ်ကို တောင်ကိုရီးယားသိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့် နည်းပညာဌာနတို့မှ နှစ်ဖက်ကိုယ်စားလှယ်တို့က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

**ပေးပို့**

နှစ်နိုင်ငံတို့အနေဖြင့် နျူကလီးယားစွမ်းအင်ကို အသုံးပြုရာတွင် လုံခြုံစိတ်ချမှုရှိစေရေး၊ အကျိုးကျေးဇူးရရှိစေရေးနှင့် အရေးပေါ်တုံ့ပြန်နိုင်မှု စနစ်များ ထူထောင်ရေးတို့အပေါ်တွင် မည်သို့မည်ပုံဆောင်ရွက်ကြမည်ဆိုသည့် သတင်းအချက်အလက်များကိုလည်း အပြန်အလှန် လဲလှယ်ပေးပို့ကြမည်ဖြစ်ကြောင်း သိရသည်။

**ဓာတ်ပေါင်းဖို**

တောင်ကိုရီးယားနိုင်ငံတွင်လက်ရှိအချိန်၌ အဏုမြူဓာတ်ပေါင်းဖို ၂၀ ရှိနေပြီး ဂျပန်နိုင်ငံတွင် အဏုမြူဓာတ်ပေါင်းဖို ၅၄ ခုရှိနေသည်။ ကမ္ဘာတစ်ဝန်းတွင် အဏုမြူဓာတ်ပေါင်းဖို ၄၃၉ခုရှိကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**



**အပြည်ပြည်ဆိုင်ရာ ရွက်လှေပြိုင်ပွဲ**

**တရုတ်နိုင်ငံ အရှေ့ပိုင်း ရှန်ဒေါင်းပြည်နယ် ကင်တိုမြို့၌ ၂၀၀၆ခုနှစ် ကင်တိုအပြည်ပြည်ဆိုင်ရာ ရွက်လှေ ပြိုင်ပွဲကျင်းပနေသည်ကို ဩဂုတ် ၂၉ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# အိန္ဒိယ၌မူးယစ်ဆေးဝါး ကီလို ၄၄၀၀ ဖမ်းဆီးရမိ

**နယူးဒေလီ ဩဂုတ် ၃၀**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် မူးယစ်ဆေးဝါး ၄၄၀၀ကီလိုကို ရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ကြောင်း အင်ဒို-အာရှသတင်းဌာနက ဩဂုတ် ၂၈ရက်၌ သတင်းထုတ်ပြန်သည်။

**ဖမ်းဆီး**

ဖမ်းဆီးရမှုမှာ နယူးဒေလီမြို့တောင်ပိုင်း ကယ်ကာဂျီအရပ်တွင် ဗီနုတ်ရှာမာအမည်ရှိ အမျိုးသားတစ်ဦးထံမှ အဆိုပါမူးယစ်ဆေးဝါးများကို ဖမ်းဆီးမိခဲ့ခြင်းဖြစ်ပြီး တန်ဖိုးငွေအမေရိကန်ဒေါ်လာ ၄၂သန်းခန့်ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

**သတင်းမထုတ်ပြန်**

မူးယစ်ဆေးဝါးများ ယခုကဲ့သို့ ဖမ်းဆီးရမှုသည် ပမာဏများပြားကြောင်း ထိုမူးယစ်ဆေးဝါးသည် မည်သည့်အမျိုးအစားများ ပါဝင်သည်ကို ရဲတပ်ဖွဲ့က သတင်းမထုတ်ပြန်ကြောင်း သိရသည်။

**ရှာဖွေစုံစမ်း**

ထိုမူးယစ်ဆေးဝါးများသည် နယူးဒေလီမြို့မှသင်္ဘောဖြင့် တောင်အာဖရိကသို့တင်ပို့မည့် မူးယစ်ဆေးဝါးများ ဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ယခုအခါ အဆိုပါမူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပတ်သက်နေသည့် ကွန်ရက်အား ရှာဖွေစုံစမ်းနေကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အာဖရိကတွင် ငှက်ဖျားရောဂါကြောင့် သေဆုံးသူများပြား

ဟာရာရေး ဩဂုတ် ၃၀

**အာဖရိကနိုင်ငံ အများအပြားတွင် ယခုအခါငှက်ဖျားရောဂါဖြစ်ပွားမှုတိုးမြင့်လာကြောင်း အထူးသဖြင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများတွင် ငှက်ဖျားရောဂါဖြစ်ပွားမှုများကြောင်း ဇင်ဘာဘွေနိုင်ငံမှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးက ပြောကြားသည်။**

**ပြောကြား**

အာဖရိကရှိ အမျိုးသမီးများ ငှက်ဖျားရောဂါဖြစ်ပွားမှု အရေအတွက်မှာ ၂၅သန်းခန့်ရှိရာ နှစ်စဉ် တိုးတက်မြင့်မားလျက်ရှိကြောင်း စိုးရိမ်ဖွယ်ရာကောင်းအောင် ရောဂါဖြစ်ပွားမှုမြင့်တက်လာကြောင်း ဇင်ဘာဘွေနိုင်ငံမှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူ ဒေါက်တာ ဆရတ်တီကီဝါက ဩဂုတ် ၂၇ရက်တွင် ပြောကြားသည်။

**သေဆုံး**

အာဖရိကတွင် ငှက်ဖျားရောဂါဖြစ်ပွားသူ စုစုပေါင်း သန်း ၅၅၀ခန့်ရှိနေရာ စိုးရိမ်ဖွယ်ရာဖြစ်နေပြီး သန်း ၃၀၀ခန့်သာ ဆေးကုသမှုခံယူနိုင်သည်။ငှက်ဖျားရောဂါကြောင့်အာဖရိကတွင် နှစ်စဉ် လူတစ်သန်းခန့် သေဆုံးရလျက်ရှိသည်။

**အများဆုံး**

ထိုသို့ ငှက်ဖျားကြောင့် သေဆုံးရမှုများတွင် အသက်ငါးနှစ်အောက်ကလေးငယ်များ အရေအတွက်မှာ အများဆုံးဖြစ်ကြောင်း သိရသည်။ အာဖရိကတွင် ဆင်းရဲနွမ်းပါးသော ကလေးငယ်များအနေဖြင့် ငှက်ဖျားရောဂါကြောင့် သေဆုံးရမှုများသည်ဟု ဒေါက်တာ ဆရတ်တီကီဝါက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အာဖဂန်တောင်ပိုင်း၌ ဗုံးခွဲတိုက်ခိုက်

**အလက်ရှ်ကာဂါ ဩဂုတ် ၃၀**

အာဖဂန်နစ္စတန်တောင်ပိုင်း အလက်ရှ်ကာဂါမြို့ လူစည်ကားရာဈေး၌ ဩဂုတ်၂၉ရက်က အသေခံကားဗုံးခွဲမှုကြောင့် လူ၁၇ဦး သေဆုံးပြီး၊ လူ ၅၀ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်၌ ဖော်ပြသည်။

**ပါဝင်**

သေဆုံးဒဏ်ရာရသူများ တွင် ကလေးငယ်များ ပါဝင်ကြောင်း သိရသည်။

**အမ်အင်အေ၊ရိုက်တာ**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## အလွန်ကြီးသော လမုန့်

**အလွန်ကြီးမားသော လပုံသဏ္ဌာန် ကိတ်မုန့်တစ်ခုကို ပြသထားစဉ်။** (ယာပုံ)



အဆိုပါ ကိတ်မုန့်ကြီးကို တရုတ် နိုင်ငံတောင်ပိုင်း ဟောကူမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင်ပြုလုပ်ထားခြင်းဖြစ်သည်။ ၎င်းလကိတ်မုန့်ကြီးသည် အမြင့် ၄၀ စင်တီမီတာနှင့် အချင်းစင်တီမီတာ ၂၂၀ ရှိကာ အလေးချိန် ကီလိုဂရမ် ၈၀၀ ရှိကြောင်း သိရသည်။ **(အင်တာနက်)**



## နှစ်ပေါင်း ၆၀၀ကျော်က သင်္ဘောပုံတူ တည်ဆောက်

**လွန်ခဲ့သည့် နှစ်ပေါင်း ၆၀၀ ကျော်က သင်္ဘောတစ်စင်း၏ ပုံစံအတိုင်း ပြန်လည်တည်ဆောက်နေသည့် သင်္ဘောတစ်စင်းကို တွေ့ရစဉ်။** (ဝဲပုံ)

အဆိုပါသင်္ဘောကြီးကို တရုတ်နိုင်ငံ ကျန်စုပြည်နယ် နန်ကင်းမြို့ဥယျာဉ်တစ်ခုအတွင်း နှစ်ပေါင်း ၆၀၀ကျော်ကအတိုင်းပုံစံတူပြန်လည်တည်ဆောက်နေခြင်းဖြစ်သည်။ ယခင်သင်္ဘောကြီးမှာ၁၄၀၅ခုနှစ်မှ ၁၄၃၃ခုနှစ်အတွင်း မင်မင်းဆက်လက်ထက်က ရေကြောင်းသွားလာရေး၌ အသုံးပြုခဲ့သော သင်္ဘောဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

# နီပေါ၌မြေပြိုသဖြင့် နေအိမ် ၉၀ခန့်ပျက်စီး

**ခတ္တမန္ဒူ ဩဂုတ် ၃၀**

နီပေါနိုင်ငံ အနောက်ပိုင်းရှိ အာချမ်ဒေသတွင် ဩဂုတ် ၂၇ ရက်က မိုးသည်းထန်ပြီး မြေပြိုမှုဖြစ်ပွားရာ နေအိမ် ၉၀ခန့် ပျက်စီးသွားကြောင်း နီပေါမီဒီယာများက ဩဂုတ် ၂၈ရက်တွင် ဖော်ပြသည်။

**မြေပြိုမှုဖြစ်ပွား**

ဖြစ်ပွားသည့်နေရာမှာ ခတ္တမန္ဒူမြို့ အနောက်ဘက် ကီလိုမီတာ ၅၀၀ ခန့်အကွာရှိ ကျေးရွာတစ်ရွာ၏ နေရာနှစ်နေရာတွင် မြေပြိုမှုဖြစ်ပွားခြင်းဖြစ်သည်ဟု သည်ရီဆင်းနီပေါသတင်းစာ၌ ဖော်ပြထားသည်။

**အလျင်အမြန်ဆောင်ရွက်**

မြေပြိုမှုဖြစ်ပွားသည့် နေရာများသို့ ကယ်ဆယ်ရေးတပ်ဖွဲ့များ ရောက်ရှိကာ အကူအညီပေးမှုများ အလျင်အမြန် ဆောင်ရွက်ပေးလျက်ရှိသည်။

**မိုးသည်းထန်စွာရွာသွန်း**

ထို့အပြင် နီပေါနိုင်ငံ အနောက်အလယ်ပိုင်းဒေသ အရပ်အချို့၌လည်း ရေလွှမ်းမှုကြောင့် လူငါးဦးထက်မနည်း သေဆုံးခဲ့ရသည်။ နီပေါနိုင်ငံတွင် ဩဂုတ် ၂၇ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ကြောင်း အထူးသဖြင့် နီပေါနိုင်ငံ အနောက်ပိုင်းဒေသများ၌ ဖြစ်ကြောင်း အဆိုပါသတင်းစာ၌ ဖော်ပြထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

■ *ကျောဖုံးမှ*

သုံးနှစ်တာ၊ လေးနှစ်တာအတွင်း ပြုစုပျိုးထောင်ခဲ့သော ပင်ပျိုရွက်နု အစုစုတို့မှာ နေအရဏ်တွင် လေအဟုန်နှင့်အတူ အစွမ်းကုန်အားယူ ပွင့်ဖူးဝေဆာမြူးနေကြသည်ကို ဥယျာဉ်မှူးနှင့်တူသော မိမိနှင့် ဆရာ ဆရာမများက များစွာ နှစ်ထောင်းအားရဝမ်းသာ ကျေနပ်မိကြောင်း၊ အဟောင်းတွေလည်းမွေးဆဲ၊ အသစ်တွေလည်း ဝေဆဲ အမိယဉ်ကျေးမှု တက္ကသိုလ်ကြီးက အနုပညာခရီးလမ်း အောင်မြင်မှုတို့ကိုအမြဲဂုဏ်ယူနေမည်ဖြစ်ကြောင်း၊ နောက်ထပ်မျိုးဆက်သစ် အနုပညာရှင်များကိုလည်း ဆက်လက်မွေးထုတ်သွားရန် ကြိုးဆိုလျက်ရှိကြောင်း "တို့ကို ယဉ်ကျေးမှု တက္ကသိုလ်(ရန်ကုန်)၏ ပါမောက္ခချုပ် ဦးတင်စိုးက ထုတ်ဖော်ပြောကြားခဲ့သည်။

**ဖော်ညွှန်းထား**

ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)သို့ တက်ရောက်သင်ယူကြသူအများစုမှာ အနုပညာ ဝါသနာ၊ ဗီဇနှင့် ရည်မှန်းချက်ရှိသူများ ဖြစ်၏။ အနုပညာဟူသည် သင်တိုင်းတတ်ရန် ခက်ခဲလှ၏။ **'နဂိုရှိမှ နဂိုင်းထွက်၊ တစ်ထွာပြလျှင် တစ်တောင်မြင်၊ အရိပ်ပြ အကောင်ထင်'** ဟူသော စကားတို့မှာ အနုပညာဝါသနာဗီဇအခြေခံ အရေးကြီးပုံတို့ကို ပြဆိုဖော်ညွှန်းထားခြင်းဖြစ်သည်။

**အနုပညာစွမ်းရည်**

ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၏ ဒသမအကြိမ် ပန်းချီပန်းပု ဘွဲ့ယူလက်ရာမွန်ပြပွဲတွင် ခင်းကျင်းပြသထားသော ပန်းချီပန်းပုလက်ရာများမှာ တကယ့်အနုပညာရှင်များ၏ လက်ရာနှင့်မခြား အားရစရာကောင်းလှသည်။ ပန်းချီပန်းပု လက်ရာများကို မြင်ရုံဖြင့် ဘွဲ့ယူရန် စွမ်းရည်ပြ ရေးဆွဲထုလုပ်ထားသော ကျောင်းသူ ကျောင်းသားများ၏ အနုပညာ အရည်အသွေး မြင့်မားမှုကို အကဲခတ်အမှတ်ပေးပြီးသားဖြစ်နေသည်။ အနုပညာမျိုးဆက်သစ်တို့၏ စွမ်းရည်ကိုလည်း အထင်မကြီးဘဲ မနေနိုင်တော့။ အမှန်စင်စစ် တကယ်ဖြစ်ချင် တကယ်လုပ်ဟူသော ဆောင်ပုဒ်အတိုင်း တကယ်ဖြစ်နေကြပြီဖြစ်၍ တိုင်းပြည်အတွက်၊ အနာဂတ်အတွက် များစွာအားတက်မိပါ၏။

ပန်းချီပန်းပု ဘွဲ့ယူ စွမ်းရည်ပြ လက်ရာများကို အလျဉ်းသင့်သလို ဓာတ်ပုံများဖြင့် ဖော်ပြဂုဏ်ပြုထားပါ၏။ အကဲခတ် လေ့လာကြည့်ရှုနိုင်ရန် ဖြစ်ပေသည်။

**မြန်မာ့ဆိုင်းဝိုင်း**

ထို့အတူ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၏ ဘွဲ့ယူစွမ်းရည်ပြဂီတ၊ သဘင်စင်တင်ကပွဲများကို ဆက်လက်ကြည့်ရှု လေ့လာခွင့်ရခဲ့ပြန်သည်။ ရှေးဦးစွာ ဂီတပညာဌာနက **'မောင်မယ်ပြိုင်နှိုင်း မြန်မာ့ဆိုင်းဝိုင်း'** တင်ဆက်မှုဖြင့် စတင်ဖွင့်လှစ်ခဲ့သည်။ မြန်မာ့ရိုးရာ ယဉ်ကျေးမှုဆိုင်းပညာဖြင့် မောင်နှင့်မယ်တို့က အမျိုးသား အမျိုးသမီး သီးခြားစီခွဲ၍ မြန်မာ့ဆိုင်းကို အပြိုင်တီးပြသည်မှာ မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှသည်။ အမျိုးသမီးရွာစား ဆိုင်းခေါင်းဆောင်နှင့် အမျိုးသားရွာစား ဆိုင်းခေါင်းဆောင်တို့ လက်ချောင်းလက်ဝါးလေးများမှာ နုနယ်သေးသော်လည်း ထိထိမိမိ ပိုင်ပိုင်နိုင်နိုင် တက်တက်ကြွကြွ တီးပြသွားမှုမှာ ရင်သပ်ရှုမောဖြစ်ခဲ့ရသည်။ သူတို့လေးတွေ၏ စွမ်းရည်က ဖမ်းစားခဲ့သည်။

**တီးခတ်မှု**

ထို့နောက် ဂီတပညာဌာနက **'သန္တရွှာန်(၄)ရပ်'** စုပေါင်းသီချင်း၊ သဘင်ပညာဌာနက **'ကကြိုးစုံညီလှဒေဝီ'** ယိမ်းအက၊ ဂီတပညာဌာန၏ **'ပတ္တလားလက်စွမ်းပြ'** တီးခတ်မှုတို့ကို စင်မြင့်တွင် အမြင်တင့်စွာ ခံ့ညားသေသပ်စွာ ကြည့်ရှုခံစားခွင့်ရရှိခဲ့သည်။

**သရုပ်ဖော်**

မောင်လွင်ကိုကိုဦး ရေးစပ်သော **'ရိပ်နန်းကျွန်းခို ဒို့တက္ကသိုလ်'** စုပေါင်းသီချင်းသည် အမိယဉ်ကျေးမှုတက္ကသိုလ်ကို ဂုဏ်ပြုဖော်ညွှန်းထားသလို ကျွမ်းကျင်ပညာရှင် ပျဉ်းမနားမြင့်လှိုင်ရေးစပ်သော **'ပန်းပေါင်းစုံလင် ဒို့ဥယျာဉ်'** သီချင်းကလည်း တိုင်းရင်းသားချစ်ကြည်စည်းလုံးမှုကို ပျော်ရွှင်စွာ သရုပ်ဖော်ထားသော မြူးကြွသွက်လက်သော ကကွက်များနှင့်အတူ ရှုမြင်နားဆင်ခံစားရသည်မှာ ဟင်းကောင်းတစ်ခွက်ကို မြိန်ယှက်စွာစားရလိုက်ရသည်နှင့် တူပေ၏။ ဂီတစွမ်းအားသည် အမုန်တကယ်ပြည်ထွန်းကားစေမှု တစ်ခုပင်ဖြစ်၏။

ဆက်လက်၍ ဘွဲ့လွန်ဒီပလိုမာ ကျောင်းသူ ကျောင်းသားများ၏ **'မြန်မာ့ရိုးရာ တေးသံသာ'**၊ **'ငြိမ့်ညောင်းသံသာ တေးအလင်္ကာ'** တီးကွက်ကို စောင်းတူရိယာများဖြင့်လည်းကောင်း၊ **'မြန်မာ့ရုပ်စုံ ဇာတ်ဂုဏ်'** တင်ဆက်မှုတွင် ရုပ်သေးပညာဖြင့်လည်းကောင်း၊ ဘွဲ့လွန်ဒီပလိုမာ ကျောင်းသူ ကျောင်းသားများ၏ လက်စွမ်းပြ **'နည်းမျိုးစုံစွာ ကြိုးပဒေသာ'** ကို ရုပ်သေးပညာဖြင့် ပီပီပြင်ပြင် တင်ဆက်သွားခဲ့ရာ ကြည့်ရသူတို့ကို ကြည့်မဝရှုမငြီးဖြစ်စေသည်။

**လက်စွမ်းပြ**

ထို့အပြင် စန္ဒရားတူရိယာ လက်စွမ်းပြ တူရိယာရှစ်မျိုးဖြင့် **'ရှစ်ပွင့်ပန်းခိုင် တေးသံမြိုင်'**၊ တယောစုံတူရိယာဖြင့် လက်စွမ်းပြတီးခတ်မှု၊ ဖူးပွင့်ရနံ့လှိုင် ပန်းလေးခိုင် အော်ပရာကဇာတ်နှင့် တူရိယာအစုံဖြင့် **'ရေခင်းတော်'** တီးခတ်မှု၊ **'ပညာမဲ့သူဌေးသား'** ဇာတ်ကြီး တင်ဆက်မှုများမှာ အလွန် စိတ်ဝင်စားလာအောင် ဆွဲဆောင်နိုင်မှုများပင်ဖြစ်သည်။ တူရိယာရှစ်မျိုးဖြင့် မြန်မာ့ဂီတကို ဖော်ထုတ်ဂုဏ်ပြုနိုင်သလို တယောစုံတူရိယာဖြင့် ခေတ်ကိုအမီလိုက်နိုင်ကြောင်း သက်သေပြခဲ့ကြ၏။

အားရကျေနပ်ဖွယ် ကောင်းလောက်အောင် အနုပညာ စွမ်းရည်ပြနိုင်ကြသော ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၏ ကျောင်းသူ ကျောင်းသားများကို ဤဆောင်းပါးဖြင့် ဂုဏ်ပြုဖော်ပြလိုက်ပါသည်။ ပွင့်သောပန်းတိုင်း မွှေးပါစေဟုလည်းဆုမွန်ကောင်းတောင်းရင်း မျိုးဆက်သစ်များကို ကြိုဆိုလက်ကမ်းလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)



မစုစုလှိုင် ထုလုပ်သော 'ကုသိုလ်' အမည်ရှိ ပန်းပုရုပ်ကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ–သောင်းဝင်းဗိုလ်)



မောင်မယ်ပြိုင်နှိုင်း မြန်မာ့ဆိုင်းဝိုင်း အစီအစဉ် တင်ဆက်မှုကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ–သောင်းဝင်းဗိုလ်)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်၊ ၁၇ ရပ်ကွက်၊ နှင်းဆီလမ်းမကြီး အမှတ် ၃၇၅နေ နှစ်ဖက်သော မိဘများအား အမှူးထား၍ ဦးထွန်းဝင်း–ဒေါ်ညွန့်မေ၊ သား ရဲရင့်ထွန်းဝင်း၊ သမီး မေစီထွန်းဝင်း မိသားစုက အလှူငွေကျပ် တစ်သိန်းတစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဦးဝိနယဓရ (ဝံသမေဒိနီစာသင်တိုက်) ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက်တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ဖခင်ကြီး ဦးနိုင်ထူးနှင့် မိခင်ကြီး ဒေါ်သန်းရွှေအား ရည်စူး၍ ရန်ကုန်တိုင်း တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ အမှတ် ၂၈၂ နေ ဒေါ်စောခင်နွဲ့(အထက်တန်းပြ၊ ငြိမ်း)နှင့် သား ဗဟိုတရားရုံးချုပ်ရှေ့နေ ဦးခင်မောင်ဖြူ မိသားစုက အလှူငွေကျပ် တစ်သိန်းကို လှူဒါန်းရာ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A)က သာဓုအနုမောဒနာ ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်စဉ်။** (က–ပ)

# အသက်အရွယ်ကြီးရင့်သူများ အကြားအာရုံချွတ်ယွင်းမှု ဗီဇဆဲလ်ပြောင်းလဲသွားမှုကြောင့်ဟုဆို

**အသက်အရွယ်ကြီးရင့်လာချိန်တွင် အကြားအာရုံ ချို့တဲ့လာခြင်းသည် ကိုယ်ခန္ဓာအတွင်းရှိ ဆဲလ်အချို့၏ ချွတ်ယွင်းအားနည်းလာမှုနှင့် ဆက်စပ်လျက်ရှိကြောင်း ဒတ်ချ်သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။**

အကြားအာရုံ

**သုတေသနပြုချက်အရ အသက်အရွယ်ကြီးရင့်လာသူများတွင် ကေစီအင်ကျူ–၄ ဟု အမည်ပေးထားသည့် ဗီဇဆဲလ်တစ်မျိုးက အလွန်နုးညံ့စွာ ပြောင်းလဲသွားကာအကြားအာရုံချို့တဲ့မှု ပြဿနာများကို ဖြစ်ပေါ်စေကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့ရေးသားသည့် သုတေသနပြုချက်တစ်ရပ်၌ ဖော်ပြထားသည်။**

ရာခိုင်နှုန်း

**အကြားအာရုံ ချို့တဲ့မှုကို သုတေသနပြုရာတွင် အသက် (၆၁)နှစ်မှ(၇၀) အကြား သက်တမ်းရှိသူတို့အနေဖြင့် အကြားအာရုံ ချွတ်ယွင်းမှုရှိသူသည် ၃၇ ရာခိုင်နှုန်းရှိပြီး အသက်(၇၁)နှင့် (၈၁) နှစ်အကြားအရွယ်တွင် အကြားအာရုံ ချွတ်ယွင်းသူ ၆၀ ရာခိုင်နှုန်း ရှိကြောင်း ဖော်ပြထားသည်။**

**သုတေသနပြုမှုများကို အဆိုပါ သက်တမ်းရှိသက်ကြီးရွယ်အို ၆ ဒသမ ၅ သန်းတို့အား လေ့လာခဲ့ရာမှ ယခုကဲ့သို့ ရလဒ်ကို ထုတ်ပြန်နိုင်ခဲ့ခြင်းဖြစ်ပြီး ကုသနိုင်ရန်လည်း မျှော်လင့်နိုင်ကြောင်း၎င်းတို့ကပြောကြားသည်။**

**ထို့အပြင် အကြားအာရုံချို့တဲ့မှုသည် မျိုးရိုးဗီဇနှင့် ပတ်ဝန်းကျင်ရေးရာပြဿနာများနှင့်လည်း ဆက်စပ်လျက်ရှိနိုင်ကြောင်း၊ ထိုသို့အကြောင်းအရာ အချက်အလက်များ ပေါင်းစုပြီး အကြားအာရုံချို့တဲ့မှုဖြစ်ပေါ်နိုင်သည်ဟုလည်း သုတေသနပညာရှင်များက ယုံကြည်ထားသည်။**

ချွတ်ယွင်းမှု

**ဆူညံလွှမ်းသော နေရာဝန်းကျင်တွင် နေထိုင်သူများသည် အသက်အရွယ်ကြီးရင့်လာသည့်အခါ အကြားအာရုံ ချွတ်ယွင်းမှုကြီးမားစွာ ဖြစ်ပေါ်တတ်သလို မိတ်ဆွေများ၊ မိသားစုဝင်များနှင့်ပြောဆိုဆက်ဆံရာတွင်အခက်အခဲဖြစ်စေလောက်သည့် ချွတ်ယွင်းမှုမျိုးလည်း ဖြစ်စေတတ်ကြောင်း ၎င်းတို့က ပြောကြားသည်။**

**ထို့ကြောင့် အကြားအာရုံ ချွတ်ယွင်းမှု စောစီးစွာ မဖြစ်ပေါ်အောင်နှင့် အကြားအာရုံ ဗီဇဆဲလ်ဖြစ်သည့် ကေစီအင်ကျူ–၄ စောစီးစွာ မပျက်စီးစေရန် နေထိုင်သင့်ကြောင်း သုတေသနပညာရှင်များက တိုက်တွန်းထားသည်။**

(ကိုးကား–အင်တာနက်)



**အင်တာနက် သတင်းနှင့် ဓာတ်ပုံ**

# မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်
# ရန်ကုန်အရှေ့ပိုင်းခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများဖွင့်လှစ်

သတင်း-မြင့်ကွင်း
မြင့်မောင်စိုး
ဓာတ်ပုံ-သိန်းဝင်းလေး
(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၃၀

**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နိုင်ငံတော်က နှစ်စဉ်ကျင်းပပေးခြင်းဖြင့် မြန်မာတို့၏ ရှေးနှစ်ပေါင်းများစွာက ထွန်းကားခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။**



**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းက ဖျော်ဖြေရေး အစီအစဉ်တွင်ပါဝင်သည့် အနုပညာရှင်များအား ဂုဏ်ပြုငွေပေးအပ်စဉ်။**
ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ယနေ့ကမ္ဘာပေါ်ရှိ တိုင်းပြည်အများစုတွင် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေများ ထွန်းကားတည်ရှိသကဲ့သို့ မြန်မာလူမျိုးတို့၏ သမိုင်းစဉ်တစ်လျှောက်တွင်လည်း ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင် စာပေများဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်ခဲ့ပေသည်။

## (၁၄)ကြိမ်တိုင်

နိုင်ငံတော်အစိုးရက ထိုယဉ်ကျေးမှုအမွေအနှစ်များကို မတိမ်ကော မပပျောက်စေရန် လည်းကောင်း၊ ယနေ့လူငယ်လူရွယ်များ ယဉ်ကျေးမှုသမိုင်းတန်ဖိုးကို နားလည်သိရှိ ထိန်းသိမ်းစောင့်ရှောက်တတ်ရန် လည်းကောင်း နှစ်စဉ်အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ကျင်းပပေးခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၁၄)ကြိမ်သို့ပင် တိုင်ခဲ့လေပြီ။

## ဖွင့်ပွဲစတင်

ယခုအခါ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ခရိုင်အဆင့်၊ တိုင်းနှင့် ဗဟိုအဆင့် စသည်ဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ ခရိုင်အဆင့်ပြိုင်ပွဲများအနက်မှ ရန်ကုန် အရှေ့ပိုင်းခရိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတစ်ရပ်ကို ဩဂုတ် ၃၀ရက် နံနက်ပိုင်းက ရန်ကင်း ပညာရေးကောလိပ်၌ ဖွင့်ပွဲစတင်ကျင်းပခဲ့သည်။

## ကြည့်ရှုအားပေး

အဆိုပါ ခရိုင်အဆင့်အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း တက်ရောက် ကြည့်ရှုအားပေးခဲ့သည်။

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်က ရန်ကုန်အရှေ့ပိုင်းခရိုင် ၂၀၀၆ ခုနှစ်(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားရာ "ယခုလို ပြိုင်ပွဲများ ကျင်းပခဲ့ရာမှာ မြန်မာ့ဂီတ၊ မြန်မာ့အက၊ မြန်မာ့သဘင် စတဲ့ အနုပညာရပ်များ အရှည်တည်တံ့ပြီး နယ်မြေဒေသအသီးသီးမှာ အခြေခံများ ခိုင်ခိုင်မာမာ ဖြစ်တည်လာစေရေး၊ အနုပညာရှင် မျိုးဆက်သစ်များ ရှင်သန်ထွန်းကားရေးစတဲ့ ရည်ရွယ်ချက်များ ထားရှိကြောင်း၊ ယင်းရည်ရွယ်ချက်များ အောင်မြင်စေရန်အတွက် ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးပြီး ပြိုင်ပွဲများကို နှစ်စဉ် အလေးထား၍ ကျင်းပပေးလျက်ရှိကြောင်း ပြောကြားသည်။



**ရန်ကုန်အရှေ့ပိုင်းခရိုင်၏ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကို ရန်ကင်း ပညာရေးကောလိပ်တွင် ကျင်းပရာ အရှေ့ပိုင်းခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က ဤသို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။** ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

## ရိုးရာယဉ်ကျေးမှု

မြန်မာ့ယဉ်ကျေးမှု အနုပညာသည် မြန်မာ့သဘာဝ၊ မြန်မာ့ဓလေ့စရိုက်ကို ပီပီပြင်ပြင် ထင်ဟပ်ဖော်ကျူးနိုင်သောပညာရပ်ဖြစ်ကြောင်း၊ ယဉ်ကျေးမှုပညာရပ် နယ်ပယ်တိုင်းမှာ သုတ၊ရသ၊ဓမ္မတို့နှင့် ပြည့်စုံမှု၊ ပညာခန်း ကျယ်ဝန်းနက်ရှိုင်းမှုစသည့် ဂုဏ်အရည်အသွေးများဖြင့် ပြည့်ဝလျက်ရှိကြောင်း၊ ထို့အပြင် မြန်မာတိုင်းရင်းသားလူမျိုးတို့၏ သိမ်မွေ့နက်နဲသော အတွေးအခေါ် အယူအဆများ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ လူမှုတန်ဖိုးနှင့် လူမှုကျင့်ဝတ်များကို ဖော်ထုတ်တင်ပြပေးသည့် အနုပညာရပ်များလည်း ဖြစ်ကြောင်း ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်က ဆက်လက်ပြောကြားသည်။

## စည်းချက်ညီညီ

ယင်းနောက် ဖျော်ဖြေရေး အစီအစဉ်များဖြင့် တင်ဆက်ရာ ယဉ်ကျေးမှုတက္ကသိုလ်မှ အဖွဲ့သားများ၏ ရုပ်သေးအက ဖျော်ဖြေတင်ဆက်မှုမှာ အဆို၊ အငို၊ အက စည်းချက်ညီညီ ကြိုးဆွဲဖျော်ဖြေရသည့် ပညာရပ်ဖြစ်၍ သိမ်မွေ့နက်နဲသော ယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်ဖြစ်ကြောင်းလည်း လေ့လာမှတ်သားရသည်။

တစ်ဖန် အဆိုပါရုပ်သေးအဖွဲ့၏ အိုးစည်လက်စွမ်းပြ ဖျော်ဖြေတင်ဆက်မှုမှာလည်း ရွှေပွဲလာ ဧည့်ပရိသတ်များ၏ အထူးအားပေးခြင်းခံရသည့် ဖျော်ဖြေတင်ဆက်မှု တစ်ရပ်ဖြစ်သည်။

## ဖျော်ဖြေတင်ဆက်

ယင်းနောက် အဆိုတော်ရန်ပိုင်စိုး၊ လှမြင့်ဝင်း၊ မောင်လှမော်၊ နှင်းရည်သန့်၊ ခင်မျိုးအေး၊ စိမ်းလဲ့လဲ့တို့က လည်း တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်သွားသည်ကိုလည်း တွေ့ရသည်။

ဖျော်ဖြေမှု အစီအစဉ်များအပြီး တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက ပါဝင်တင်ဆက်သော အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

## ဆွတ်ခူးနိုင်

ယမန်နှစ်က ရန်ကုန်အရှေ့ပိုင်းခရိုင်မှ တိုင်းအဆင့် အဆို၊ အက၊ အရေး၊ အတီးအဖွဲ့ဝင်များ ဝင်ရောက်ယှဉ်ပြိုင်ကြရာတွင် အဆိုပညာရှင်အဆင့် ကိုးဦး၊ ဝါသနာရှင်အဆင့် လေးဦး ဆုများဆွတ်ခူးနိုင်ပြီး အကတွင် အကပညာရှင်အဆင့် တစ်ဦး၊ ဝါသနာရှင်အဆင့် လေးဦး ဆုဆွတ်ခူးနိုင်ခဲ့သည်။

တစ်ဖန် အရေးပြိုင်ပွဲတွင် ပညာရှင်အဆင့် နှစ်ဦး၊ ဝါသနာရှင် အဆင့် တစ်ဦးဆုဆွတ်ခူးနိုင်ပြီး အတီးပြိုင်ပွဲတွင် ပညာရှင်အဆင့်၁၃ဦး၊ ဝါသနာရှင်အဆင့် ၂၄ ဦး ဆုများ အသီးသီး ဆွတ်ခူးနိုင်ခဲ့ကြသည်။

ထိုသို့ ပြိုင်ပွဲများကို ကျင်းပရာတွင် အဆိုနှင့် အရေးပြိုင်ပွဲများကို သဃ်္ဃန်းကျွန်း ပညာရေးကောလိပ်၌ လည်းကောင်း၊ အကနှင့် အတီးပြိုင်ပွဲများကို သဃ်္ဃန်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ လည်းကောင်း ကျင်းပခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ



**ရန်ကုန် အရှေ့ပိုင်းခရိုင်၏ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲတွင် ယဉ်ကျေးမှုတက္ကသိုလ်မှ ကကြိုးစုံစွာ အရုပ်အကပဒေသာဖြင့် ဤသို့ဖျော်ဖြေခဲ့သည်။**
ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ယခုနှစ်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်း မြို့နယ် ၁၄မြို့နယ်တို့မှ ပြိုင်ပွဲဝင်ဝါသနာရှင် အဆင့် ၃၂၄ဦး၊ ပညာရှင်အဆင့် ၇၇ ဦး စုစုပေါင်း အနုပညာရှင် ၄၀၁ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲများကို ဩဂုတ် ၃၀ရက်မှ ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

များကို နှစ်စဉ်နှစ်တိုင်း နိုင်ငံတော်က ကျင်းပပေးလျက်ရှိရာ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ ဆက်လက် ရှင်သန်ထွန်းကားနေမည်သာ ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

## MRTV-4
## ရုပ်မြင်သံကြား အစီအစဉ်

**၃၁–၈–၂၀၀၆**
**(ကြာသပတေးနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | ယနေ့သိပ္ပံနှင့်နည်းပညာ |
| ၇း၁၅ | တေးဂီတအစီအစဉ် |
| ၇း၂၀ | ပျိုမေတို့လှစေဖို့(အပိုင်း–၁) |
| ၇း၃၅ | တေးဂီတအစီအစဉ် |
| ၇း၄၀ | အောင်မြင်ကျော်ကြား မြန်မာ့ရုပ်ရှင်ဒါရိုက်တာများ [မောင်မောင်ဦး(စနိုးဝှိုက်)နှင့် တွေ့ဆုံခြင်း] (ပထမပိုင်း) |
| ၈း၁၅ | တေးဂီတအစီအစဉ် |
| ၈း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၃၀ | အိုးထိန်းသည် [ကျော်ရဲအောင်၊ ခိုင်သင်းကြည်၊ မြင့်မြင့်ခိုင်၊ စောနိုင် (ရှမ်းပြည်)၊ အိဖြူစိုး] |
| ၈း၅၅ | တေးဂီတအစီအစဉ် |
| ၉း၀၀ | The Game Guide-1 (War Craft III) |
| ၉း၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၄၀ | ဂီတရေစီးကြောင်းထဲကဂီတာ |
| ၁၀း၀၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၀၅ | MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာပေါ်ဦးသစ်နှင့် တွေ့ဆုံခြင်း) |
| ၁၀း၂၀ | တေးဂီတအစီအစဉ် |
| ၁၀း၂၅ | အလှမှာဝင့်ထည် မြန်မာ့ပါတိတ်ချည်ထည် |
| ၁၀း၄၀ | တေးဂီတအစီအစဉ် |
| ၁၀း၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၅၅ | သူတို့ပြောတဲ့ သူတို့အကြောင်း (ကာတွန်းသစ်ထွဏ်း) |
| ၁၁း၁၅ | တေးဂီတအစီအစဉ် |
| ၁၁း၂၀ | Yangon Panorama (Phyathai Hospital Thailand) မိတ်ဆက်ပွဲ |
| ၁၁း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀ | နှလုံးသွေးကြောကျဉ်းရောဂါ ဟောပြောချက် (ဒေါက်တာခင်မောင်အေး) (အပိုင်း–၁) |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

# ကျန်းမာရေးဝန်ကြီးဒေါက်တာကျော်မြင့် ဒါကာမြို့မှပြန်လည်ရောက်ရှိ ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများစနစ်တကျအကောင်အထည်ဖော် သတင်းမီဒီယာများမှတစ်ဆင့်ပြည်သူများအားအသိပညာပေးလုပ်ငန်းတိုးမြှင့် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေး၊ ကုသမှုပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးခဲ့

နေပြည်တော် ဩဂုတ် ၃၀

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်သည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့၌ ဩဂုတ် ၂၀ ရက်မှ ၂၁ ရက်အထိ ကျင်းပသော (၂၄)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် ဩဂုတ် ၂၂ ရက်မှ ၂၅ ရက်အထိကျင်းပသော (၅၉)ကြိမ်မြောက် ဒေသဆိုင်ရာကော်မတီအစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့ပြီး ဩဂုတ် ၂၈ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။**

(၂၄)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် (၅၉)ကြိမ်မြောက် ဒေသဆိုင်ရာကော်မတီ (Regional Committee) အစည်းအဝေးများဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းတွင် ဒါကာမြို့ Dhaka Sheraton Hotel ၌ ကျင်းပရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် Her.Excellency Begum Khaleda Zia၊ ဒေသတွင်းအဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchang တို့ တက်ရောက်ကြသည်။

## ဖွင့်လှစ်ပေး

ဖွင့်ပွဲအခမ်းအနားတွင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် Her. Excellency Begum Khaleda Zia ၊ ကျန်းမာရေးနှင့်လူမှုဝန်ထမ်းဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Khandaker Mosharraf Hossain၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchang တို့က အဖွင့်အမှာစကားပြောကြားကြပြီး အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

(၂၄)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် စတင်ကျင်းပရာ သဘာပတိအဖြစ် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းမာရေးနှင့်လူမှုဝန်ထမ်းဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Khandaker Mosharraf Hossain ၊ တွဲဖက်သဘာပတိအဖြစ် ဘူတန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Lyonpo (Dr)Jigmi Singay တို့က ဆောင်ရွက်ပြီး အစည်းအဝေးကို စတင်ကျင်းပကြသည်။

## သုံးသပ်ဆွေးနွေး

အစည်းအဝေးတွင် ဒေသတွင်းနိုင်ငံများအတွင်း ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် နည်းဗျူဟာလုပ်ငန်းစဉ်များကို သုံးသပ်ဆွေးနွေးပြီး ပြင်ဆင်မှုများဆောင်ရွက်သွားရန်၊ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားရန်၊ အဖွဲ့ဝင်နိုင်ငံများအတွင်း အဓိက ရောဂါကြီးသုံးမျိုး ဖြစ်သော ငှက်ဖျားရောဂါ၊ တီဘီရောဂါနှင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ရန်ပုံငွေနှင့်ကျွမ်းကျင်မှုအကူအညီရရှိရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ အဖွဲ့ဝင်နိုင်ငံအချို့၌ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ဖြစ်ပွားခဲ့သော ဆူနာမီရေလှိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့်ရောဂါဖြစ်ပွားမှု နှိမ်နင်းရေး၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေများကို သုံးသပ်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ဝန်ကြီးဒေါက်တာကျော်မြင့်က မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ ပြည်တွင်းပြည်ပ လူမှုရေး အဖွဲ့အစည်းများနှင့် ကျန်းမာရေး ဝန်ကြီးဌာနတို့ ပူးပေါင်း၍ ရောဂါဖြစ်ပွားမှု စုံစမ်းစစ်ဆေးခြင်း၊ ဆေးရည်စိမ်ခြင်ထောင်များဖြန့်ဝေပေးခြင်း၊ သတင်းမီဒီယာများမှတစ်ဆင့် ပြည်သူအများအားကျန်းမာရေး အသိပညာပေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး၊ ထိန်းချုပ်ရေးလုပ်ငန်းနှင့် ကမ္ဘာ့တုပ်ကွေးကပ်ရောဂါအသွင် ဖြစ်ပွားမှုကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ဘေးအန္တရာယ်ကျရောက်သောဒေသများတွင် ပြန်လည်ထူထောင်ရေး ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရေးလုပ်ငန်းများကို ဗဟိုအဆင့်၊ ဒေသဆိုင်ရာအဆင့် လုပ်ငန်းကော်မတီအသီးသီးဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင် နိုင်ငံများအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး၊ ကုသရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများကို ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကပ်ရောဂါအသွင်ဖြစ်ပွားမှုမရှိစေရန် ရောဂါဖြစ်ပွားမှုတိကျစွာသိရှိနိုင်ရေးအတွက် ဓာတ်ခွဲခန်းများ၏အရည်အသွေးနှင့် ကျွမ်းကျင်သူဝန်ထမ်းများ၏ အရည်အသွေးစဉ်ဆက်မပြတ်ရရှိနိုင်ရန် အရေးကြီးကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ ကမ္ဘာ့ကျန်းမာရေးညီလာခံမှ ဆွေးနွေးအတည်ပြုခဲ့သော နိုင်ငံတကာကျန်းမာရေးဆိုင်ရာပြဋ္ဌာန်းချက်များ (International Health Regulations) နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးကဏ္ဍ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်တိုနှစ်ရှည်စီမံချက်များချမှတ် ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားခဲ့သည်။



**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့တွင်ကျင်းပသည့် (၂၄)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး တက်ရောက်စဉ်။** (ကျန်းမာရေး)

(၂၄)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးကို ဩဂုတ် ၂၁ ရက်တွင် ဆက်လက်ကျင်းပခဲ့ပြီး ဒေသတွင်း နိုင်ငံများအတွင်း ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်း၊ ကြက်ငှက်တုပ်ကွေးရောဂါနှင့် ဒေသတွင်းပြည်သူ့ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးရေးဆိုင်ရာ အစီအစဉ်များနှင့် Dhaka Declaration on Strengthening Health Workforce in the Countries of the South-East Asia Region ကြေညာစာတမ်းကို အတည်ပြုခဲ့ပြီး သဘာပတိ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းမာရေးနှင့်လူမှုဝန်ထမ်းဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Khandaker Mosharraf Hossain က နိဂုံးချုပ် မိန့်ခွန်းပြောကြားပြီး အစည်းအဝေးကျင်းပပြီးစီးသည်။

## ပါဝင်တက်ရောက်

(၅၉)ကြိမ်မြောက် ဒေသဆိုင်ရာကော်မတီ (Regional Committee) အစည်းအဝေးကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းတွင် စတင်ကျင်းပရာ ဝန်ကြီး ဒေါက်တာကျော်မြင့် ခေါင်းဆောင်သော ကျန်းမာရေး ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

အစည်းအဝေးတွင်သဘာပတိနှင့် တွဲဖက်သဘာပတိ ရွေးချယ်တင်မြှောက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchang က ၂၀၀၆ခုနှစ် ဒေသတွင်း နိုင်ငံများအတွင်း ကျန်းမာရေး လုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေနှင့် ၂၀၀၈-၂၀၁၃ခုနှစ်အတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အစီအစဉ်ဖြင့် ဆောင်ရွက်မည့် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို သုံးသပ်တင်ပြသည်။

(၅၉)ကြိမ်မြောက် ဒေသဆိုင်ရာကော်မတီအစည်းအဝေးကို ဩဂုတ် ၂၃ ရက်တွင် ဆက်လက်ကျင်းပရာ ဒေသတွင်းနိုင်ငံများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် Promoting Patient Safety at Health Care Institutions နှင့် အရက်သောက်သုံးခြင်းကြောင့် ဖြစ်ပွားတတ်သော ရောဂါများထိန်းချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြသည်။

## ဆွေးနွေးအတည်ပြု

ဩဂုတ် ၂၄ ရက် ဒေသဆိုင်ရာကော်မတီအစည်းအဝေး၌ ဒေသတွင်းနိုင်ငံများအတွင်း ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးသတင်းစနစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် အကြိမ် (၆၀)မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံ၌ အရှေ့တောင်အာရှ ဒေသဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများမှ ပါဝင်ဆောင်ရွက်မည့် လုပ်ငန်းတာဝန်များခွဲဝေသတ်မှတ်ခြင်းနှင့် ညီလာခံတွင် ဆွေးနွေးတင်ပြမည့် ဦးစားပေးကျန်းမာရေးလုပ်ငန်းများကို ဆွေးနွေးအတည်ပြုကြသည်။

(၅၉)ကြိမ်မြောက် ဒေသဆိုင်ရာကော်မတီ(Regional Committee) အစည်းအဝေးပိတ်ပွဲ အခမ်းအနားကို ကျင်းပရာ သဘာပတိ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းမာရေးနှင့်လူမှုဝန်ထမ်း ဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Khandaker Mosharraf Hossain နှင့်ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchang တို့က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေး ကျင်းပပြီးစီးသည်။

ဝန်ကြီးဒေါက်တာကျော်မြင့်သည် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့သို့ရောက်ရှိစဉ် ဘူတန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Lyonpo (Dr) Jigmi Singay နှင့်လည်းကောင်း၊ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchang နှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

**(သတင်းစဉ်)**

# မာဒေးကားဖလား ချန်ပီယံ မြန်မာဘောလုံးအသင်းပြန်ရောက် ပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

ရန်ကုန် ဩဂုတ် ၃၀

**(၃၈)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲတွင် အောင်ပွဲရဗိုလ်စွဲလာသည့် မြန်မာဘောလုံးအသင်း ယနေ့ည ၉ နာရီ ၁၀ မိနစ်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် အိုလံပစ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့်အဖွဲ့ဝင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်အသီးသီးမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အားကစားမောင်မယ်များ၊ တိုင်းရင်းသူလေးများ၊ ရုပ်ရှင်ဂီတအစည်းအရုံးမှ အနုပညာရှင်များ၊ ဘောလုံးဝါသနာရှင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပန်းစည်းဆက်ခြင်း၊ အိုးစည်ဗုံမောင်းအကအခုန်များဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။**

## စည်ကားသိုက်မြိုက်စွာကြိုဆို

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ (၃၈)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲ အဖွဲ့ခေါင်းဆောင် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်ခေါင်းဆောင်၍ မာဒေးကားဖလားကြီးကို ထိပ်ဆုံးမှ ကားများဖြင့်ထွက်ခွာကာ ရန်ကုန်-ပြည်လမ်းမကြီး တစ်လျှောက်၊ သမိုင်းလမ်းဆုံ၊ ဦးဝိစာရလမ်းမကြီးအတိုင်း ကရဝိက်နန်းတော်သို့ သယ်ဆောင်လာရာ လမ်းဘေးဝဲယာမှ တိုင်းရင်းသားပြည်သူများ၊ ကျောင်းသား ကျောင်းသူများက ပန်းစည်းဆက်ခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်း၊ အိုးစည်ဒိုးပတ် အကအခုန်များဖြင့် စည်ကားသိုက်မြိုက်စွာ ဂုဏ်ပြုကြိုဆိုကြရာ ကရဝိက်နန်းတော်သို့ ည ၁၁ နာရီကျော်တွင် ရောက်ရှိကြသည်။

မြန်မာ့အလင်းသတင်းအဖွဲ့မှ အောင်ပွဲရဘောလုံးအသင်းခေါင်းဆောင်၊ ဘောလုံးသမားအချို့နှင့် ပရိသတ်အားတွေ့ဆုံ၍ သူတို့၏ဝမ်းသာ ကြည်နူးမှုပီတိကို ရေးသားဖော်ပြအပ်ပါသည်။

## စည်းလုံးညီညွတ်

ရှေးဦးစွာ အဖွဲ့ခေါင်းဆောင်ဦးသိန်းအောင်က **“မိမိဦးဆောင်ပြီး ပထမဆုဖလားရယူပေးခဲ့သည့် အကြိမ်အတော်များခဲ့သော်လည်း ယခုလို လက်ရွေးစင်အသင်းအနေဖြင့် မာဒေးကားဖလားရအောင် စွမ်းဆောင်နိုင်ခဲ့သည့်အတွက် ခါတိုင်းရရှိခဲ့သည့် အကြိမ်များထက် ဝမ်းသာပီတိဖြစ်ရကြောင်း၊ ယခုလို အသင်းအောင်မြင်ခြင်းမှာ စည်းလုံးညီညွတ်စွာ စုစည်းယှဉ်ပြိုင်၍ အောင်နိုင်ခြင်းဖြစ်ကြောင်း”** မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

## ပိုမိုဂုဏ်ယူ

လက်ရွေးစင်ဟောင်း ဦးအေးမောင်လေးက **“မိမိတို့မာဒေးကားဖလားပြိုင်ရသည့်အချိန်ကထက် ယခုကလေးတွေအောင်ပွဲခံရသည့်အတွက် ပိုမိုဂုဏ်ယူကြောင်း၊ အထူးသဖြင့် ၃၅နှစ်ကြာ ဝေးကွာနေသည့် မာဒေးကားဖလား ယခုလို ပြန်လည် ရရှိသည့်အတွက် မိမိတို့ရရှိစဉ်ကထက် ဂုဏ်ယူကြောင်း”** ပြောကြားသွားသည်။

လက်ရွေးစင်ဟောင်း ဦးတင်ဟန်က **“မိမိတို့ မာဒေးကားဖလားပြိုင်ရသည့်အချိန်ထက် မိမိကလေးတွေ နှစ်ပေါင်း ၃၅နှစ်ကျော်ကြာမှ မာဒေးကားဖလားရရှိအောင် စွမ်းဆောင်နိုင်သည့်အတွက် အထူးပင်ဂုဏ်ယူပါကြောင်း”** ပြောကြားသွားသည်။

## အတိုင်းမသိဝမ်းသာ

ရုပ်ရှင်သရုပ်ဆောင်နေတိုးက **“ယခုလိုပွဲမျိုး ကြိုဆိုရသည်မှာ ပထမဦးဆုံးအကြိမ် ဖြစ်သော်လည်း အတိုင်းမသိဝမ်းသာကြောင်း”** ပြောသွားသည်။

အမက(၂) ကမာရွတ်မှ တတိယတန်းကျောင်းသူလေး ဝတ်ရည်ဦးက **“ယခုလို ဦးဦးတို့ အောင်ပွဲရရှိ၍ ဖလားကြီး ယူပြန်လာသည်ကို ကြိုဆိုရသည့်အတွက် ဝမ်းသာကြောင်း”** မြန်မာ့အလင်းသို့ ပြောပြသည်။

ဆင်မလိုက်သင်္ဘောကျင်းမှ ရဲနိုင်ထွန်းက **“မိမိကိုယ်တိုင် ဘောလုံးကစားကြောင်း၊ ယခုလို မြန်မာအသင်း အနိုင်ရရှိပြီး ဗိုလ်စွဲလာသည့်အတွက် ပျော်ရွှင်ဝမ်းမြောက်ပါကြောင်း”** ပြောပြသည်။

မြန်မာအသင်းအတွက် အနိုင်ဂိုးများသွင်းပေးသူ အသင်းခေါင်းဆောင်စိုးမြတ်မင်းက **“မိမိတို့ ယခုလို အောင်ပွဲခံနိုင်ခြင်းမှာ အသင်းသားအားလုံး စည်းစည်းလုံးလုံးနှင့်ယှဉ်ပြိုင်၍ အောင်ပွဲခံနိုင်ခြင်းဖြစ်ကြောင်း”** ရှင်းပြသွားသည်။

## အထူးပင်ပီတိဖြစ်

ချေပဂိုးများသွင်းပေးသူ တိုက်စစ်မှူးကျော်သူရက **“မိမိ ယခုလို နိုင်ငံတကာပြိုင်ပွဲ ပထမဆုရခြင်းမှာ ပထမဦးဆုံးအကြိမ် ဖြစ်သော်လည်း အထူးပင်ပီတိဖြစ်မိကြောင်း”** အားရဝမ်းသာပြောပြသည်။

စည်သူဝင်းက **“ပြိုင်ဘက် ထိပ်သီးနှင့် အိမ်ရှင်ကို အနိုင်ကြဲ ဗိုလ်စွဲနိုင်၍ ဘောလုံးချစ်သူများနှင့်အတူ ဂုဏ်ယူပါကြောင်း”** မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။ **(မြန်မာ့အလင်း)**







# မြန်မာ့ဂုဏ်ဆောင် အားကစားအဖွဲ့အား ဂုဏ်ပြုကြိုဆို













တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ
သိန်းဝင်းလေး နှင့် တင်စိုး
( မြန်မာ့အလင်း )

# သားသမီးအပေါ်မေတ္တာထား ပိုလီယိုကာကွယ်ဆေးဖြင့်ရောဂါတား

ဒေါက်တာ သန်းထိန်ဝင်း
(စီမံချက်မန်နေဂျာ)

မြန်မာနိုင်ငံဟာ ပိုလီယိုအကြောသေ ရောဂါဆိုးကြီးကို အပြီးအပိုင်မောင်းထုတ်နိုင်ခဲ့ပြီးတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပိုလီယိုအကြောသေ ရောဂါဆိုးကြီးကို ကမ္ဘာ့မြေပေါ်မှ အပြီးအပိုင်မောင်းထုတ်ဖို့အတွက် ၁၉၈၈ခုနှစ်မှာ ကျင်းပခဲ့တဲ့ World Health Assembly မှ စတင်ဆုံးဖြတ်၍ ဆွေးနွေးပေးခဲ့ရာ **“ပိုလီယိုကင်းစင်၊ ကမ္ဘာတစ်ခွင်၊ သက္ကရာဇ် ၂၀၀၀တွင်”** ဟူသော ဆောင်ပုဒ်နှင့်အညီ ရည်မှန်းချက်ပန်းတိုင်ထားပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုရည်မှန်းချက်ထားပြီး တစိုက်မတ်မတ် ဆောင်ရွက်နိုင်ခဲ့တာမို့ ပိုလီယိုရောဂါပပျောက်ရေးရဲ့ အဓိကကျတဲ့ နည်းဗျူဟာ (၄)ရပ်စလုံးကို မြန်မာနိုင်ငံမှာ တစ်ပြိုင်နက်တည်း ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ ပိုလီယိုရောဂါဆိုးကြီးကို မြန်မာ့မြေပေါ်မှ အပြီးတိုင်မောင်းထုတ် နိုင်ခဲ့ပြီးဖြစ်ပါတယ်။

ပိုလီယိုအကြောသေရောဂါဟာ ပိုလီယိုဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်စေတဲ့ ခြေလက်စတဲ့ ကိုယ်အင်္ဂါကိုအကြောသေစေသော ရောဂါတစ်မျိုး ဖြစ်ပါတယ်။ ဒီဗိုင်းရပ်စ်မှာ အမျိုးအစား အမှတ်(၁)၊(၂)နဲ့(၃)ဆိုပြီး သုံးမျိုးရှိပါတယ်။ ပိုလီယိုအကြောသေရောဂါပပျောက်ဖို့ဆိုရင် ဒီဗိုင်းရပ်စ်ပိုးသုံးမျိုးစလုံးကို ကမ္ဘာ့မြေပေါ်မှ အပြီးတိုင် အမြစ်ပြုတ်အောင် တိုက်ဖျက်ပစ်ဖို့လိုပါတယ်။ ပိုလီယို အကြောသေရောဂါကိုဖြစ်စေတဲ့ ပိုလီယိုဗိုင်းရပ်အရိုင်းပိုးဟာ လူရဲ့ခန္ဓာကိုယ်ထဲကို မသန့်ရှင်းသောလက်၊ မသန့်ရှင်းသော အစားအစာစသည်တို့မှ တစ်ဆင့် ပါးစပ်ထဲသို့ရောက်ရှိကာ လူရဲ့ အူထဲမှာပွားများလာခြင်းဖြင့် ရောဂါဖြစ်စေပါတယ်။ ရောဂါစတင်ဖြစ်ပွားစမှာ အဖျားအနည်းငယ်ရှိခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ အန်ခြင်း၊ ဇက်ကြောတက်ခြင်းနှင့် ခြေလက်နာကျင်ကိုက်ခဲခြင်းစသည့် လက္ခဏာများပြတတ်ပါတယ်။ လူရဲ့အာရုံကြောအဖွဲ့အစည်းကိုဝင်ရောက်ပြီး ခြေလက်အကြောသေခြင်း ဖြစ်တတ်ပါတယ်။ အချို့မှာတော့ မူလဖျားနာခြင်းလက္ခဏာနဲ့ပဲ ပျောက်သွားတတ်တာလည်း ရှိပါတယ်။ ရောဂါပိုးဝင်သူ ၂၀၀ မှာ တစ်ယောက်နှုန်းခန့် ခြေလက်မသန်မစွမ်း အကြောသေရောဂါဖြစ်ပွားတတ်ပြီး ရာသက်ပန်လူစဉ်မမီတဲ့ဘဝ ရောက်တတ်တဲ့ ရောဂါဆိုးဖြစ်ပါတယ်။ ပိုလီယိုရောဂါဟာ အထူးသဖြင့် အသက်(၃)နှစ်အောက် ကလေးတွေမှာ အဖြစ်များလေ့ရှိပြီး တစ်ခါဖြစ်ပွားပြီးရင် ပျောက်အောင် ကုသလို့မရနိုင်ပါ။ ကာကွယ်ရန်သာ ဆေးရှိပါတယ်။ ဒီလို ကာကွယ်နိုင်တဲ့ ဆေးဟာလည်း ပိုလီယိုအရိုင်းပိုးကို အာနိသင်လျော့ပါးအောင် ပြုပြင်ထားတဲ့ **“ပိုလီယိုအယဉ်ပိုးအရှင်မှ ပြုလုပ်ထားတဲ့ ပိုလီယိုကာကွယ်ဆေး”**ပဲဖြစ်ပါတယ်။ ဒီကာကွယ်ဆေးနှစ်စက်ကို တစ်လခြားပြီး ကလေးရဲ့အသက် (၁)နှစ်မပြည့်ခင် သုံးကြိမ်တိုက်ကျွေးနိုင်ခဲ့ရင် ကာကွယ်နိုင်ပါပြီ။ ဒီအစွမ်းနဲ့ပဲ ပိုလီယို အကြောသေရောဂါကို ၎င်းရဲ့ ကူးစက်မှုသံသရာမှ ဖြတ်တောက်ပြီး **“ပိုလီယိုကင်းစင်တဲ့ ကမ္ဘာ”**ဘဝရောက်စေမှာ ဖြစ်ပါတယ်။

ကမ္ဘာမြေပေါ်မှ ပိုလီယိုရောဂါဆိုးကြီးကို အပြီးတိုင်မောင်းထုတ်နိုင်ရန်အတွက် နည်းဗျူဟာလေးရပ် ချမှတ်ခဲ့ပြီး ၁၉၈၈ခုနှစ်မှ စတင်ကျင့်သုံးအကောင်အထည်ဖော်ခဲ့ရာ ၁၁နှစ်ကြာပြီးခဲ့သည့် ၁၉၉၉ ခုနှစ်တွင် ဒီရောဂါကြောင့် ဖြစ်ပွားသေဆုံးမှုကို ၉၀ရာခိုင်နှုန်းအထိ လျော့နည်းကျဆင်းအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**မြန်မာနိုင်ငံဟာ ၂၀၀၀ပြည့်နှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့က ပိုလီယို အရိုင်းပိုးနောက်ဆုံးတွေ့ရှိခဲ့ပြီး သုံးနှစ်ဆက်တိုက် ပြတ်တောက်နိုင်ခဲ့လို့ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်မှာ ပိုလီယိုကင်းစင်သော နိုင်ငံအဖြစ် ဒေသဆိုင်ရာ အသိအမှတ်ပြုကော်မတီမှ အသိအမှတ်ပြုခံခဲ့ရတယ်။** ၂၀၀၆ခုနှစ် မေလ ၂၃ ရက်နေ့က မန္တလေးတိုင်းပြင်ဦးလွင်မြို့နယ်မှ လက်တလော ပျော့ခွေအကြောသေရောဂါ ဝေဒနာရှင်တစ်ဦးရဲ့ ဝမ်းနမူနာကို ဓာတ်ခွဲစစ်ဆေးချက်အရ Vaccined°°Drived Polio Virus (VDPV) ပိုးအမျိုးအစားကို တွေ့ရှိခဲ့ရပါတယ်။ ဒီပိုးအမျိုးအစားဟာ ပိုလီယိုအရိုင်းပိုးကဲ့သို့ ရောဂါဖြစ်ပွားစေနိုင်ပြီး ကူးစက်ပျံ့နှံ့မှု မြန်ဆန်သော ပိုးအမျိုးအစားဖြစ်တာမို့ မြန်မာနိုင်ငံရဲ့ ပိုလီယိုပိုး ကင်းစင်ပြီးသော အခြေအနေမှ ရောဂါပြန်လည်ဖြစ်ပွားနိုင်မယ့် အခြေအနေ ပြန်လည်ဖြစ်ပေါ်စေနိုင်ပါတယ်။

ဒါကြောင့် ဒီပိုးအမျိုးအစား ပျံ့နှံ့မှုကို အချိန်မီထိန်းချုပ်နိုင်ဖို့ ဒီပိုး အမျိုးအစားရဲ့ ကူးစက်နိုင်ခြေရှိတဲ့ ပိုးတွေ့ရှိရာ မန္တလေးတိုင်းပြင်ဦးလွင်မြို့နယ်မှ မိုင် ၁၀၀ ပတ်လည်ရှိ ပြည်နယ်တိုင်း ငါးခုက မြို့နယ် ၈၀ ကို ရွေးချယ်ဖော်ထုတ်ပြီး ဒေသအလိုက် အမျိုးသား ကာကွယ်ဆေးတိုက်နေ့များကို ကျင်းပဖို့ ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းဆောင်ရွက်တာ ဖြစ်ပါတယ်။

ဒီနေ့အထိ ပိုလီယိုအရိုင်းပိုး ဆက်လက်ပျံ့နှံ့နေဆဲဖြစ်တဲ့ အိန္ဒိယနိုင်ငံမှ တစ်ကျော့ပြန်လည်ဝင်ရောက်မှုကို ကာကွယ်ရန်အတွက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များကို ၂၀၀၄ခုနှစ်နှင့် ၂၀၀၅ခုနှစ်တို့မှာ မြန်မာ–အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်မြို့နယ်များတွင် နှစ်ကြိမ် ဆက်တိုက် ဆောင်ရွက်ခဲ့ပါတယ်။ ဒီနှစ်ဆန်းပိုင်းမှာ ပိုလီယိုအရိုင်းပိုး တစ်ကျော့ပြန် ဝင်လာတဲ့ အင်ဒိုနီးရှားနိုင်ငံနှင့် ကူးလူးဆက်ဆံမှုရှိတဲ့ တနင်္သာရီတိုင်းမှာ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

ဒီနှစ်အတွင်းမှာပဲ မန္တလေးတိုင်းပြင်ဦးလွင်မြို့နယ်မှ ပိုလီယို အရိုင်းပိုးကဲ့သို့ ကူးစက်မှုရှိသော ရောဂါပိုးရဲ့ ကူးစက်မှု အန္တရာယ်ရှိနေသော ပြည်နယ်နှင့်တိုင်းငါးခုမှ မြို့နယ်ပေါင်း ၈၀ မှာ လာမယ့် စက်တင်ဘာလ ၃ရက်နေ့တွင် ပထမအကြိမ်နဲ့ အောက်တိုဘာလ ၁ ရက်နေ့တွင် ဒုတိယအကြိမ်အဖြစ် ရည်မှန်း ငါးနှစ်အောက်ကလေးပေါင်း နှစ်သန်းကျော်ကို ရာခိုင်နှုန်းပြည့် တိုက်ကျွေးသွားမှာ ဖြစ်ပါတယ်။

**မြန်မာနိုင်ငံမှာ ပိုလီယို အကြောသေရောဂါ လုံးဝ အမြစ်ပြတ်ပပျောက်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ဖို့အတွက် အသစ်ထပ်မံမွေးဖွားလာသော အသက်တစ်နှစ်အောက် ကလေးငယ်များကို ပုံမှန်ပိုလီယိုကာကွယ်ဆေး သုံးကြိမ်တိုက်ကျွေးမှုရဲ့ လွှမ်းခြုံမှု ၉၀ ရာခိုင်နှုန်းနှင့်အထက် အမြဲရရှိဖို့ လိုအပ်ပါတယ်။ ဒါမှ ပိုလီယိုကင်းစင်တဲ့ အခြေအနေကို ဆက်လက်ထိန်းသိမ်းသွားနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုအောင်မြင်ဖို့အတွက် ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းကူညီပံ့ပိုးပေးရန် လိုအပ်ပါတယ်။**

**ဒုတိယအရေးကြီးတဲ့ နည်းဗျူဟာအနေနဲ့ ပိုလီယိုပပျောက်ရေးကို ဆက်လက်ထိန်းသိမ်းနိုင်ဖို့၊ အရိုင်းပိုးဝင်ရောက်မှုကို အချိန်မီသိရှိနိုင်ဖို့နဲ့ စနစ်တကျ အရေးယူ ဆောင်ရွက်နိုင်ဖို့အတွက် ရောဂါထောက်လှမ်းရေး လုပ်ငန်းများဟာ အဓိကကျပါတယ်။ ဒါကြောင့် ပိုလီယိုရောဂါနဲ့ ဆင်တူတဲ့ အသက်(၁၅)နှစ်အောက် လက်တလောပျော့ခွေ အကြောသေလူနာများတွေ့ရင် သက်ဆိုင်ရာ ကျန်းမာရေးဌာနကို အချိန်မီအကြောင်းကြားပေးဖို့ဟာလည်း အလွန်အရေးကြီးလှပါတယ်။ ပြည်သူလူထု တစ်ရပ်လုံးက ဝိုင်းဝန်းကူညီကြဖို့လိုပါတယ်။**

ပိုလီယိုအကြောသေရောဂါကို လုံးဝပပျောက်အောင် ဆောင်ရွက်နိုင်တဲ့ နည်းဗျူဟာလေးရပ် ရှိပါတယ်။ ဒါတွေကတော့ (၁) ပုံမှန်ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်း၊ (၂) အမျိုးသားကာကွယ်ဆေးတိုက်နေ့များကျင်းပခြင်း၊ (၃) လတ်တလောပျော့ခွေ အကြောသေရောဂါ မျက်ခြည်မပြတ် စုံစမ်းထောက်လှမ်းခြင်းနဲ့ (၄)အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းတို့ပဲ ဖြစ်ပါတယ်။

ပထမနည်းဗျူဟာဖြစ်တဲ့ ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးခြင်းကတော့ ကလေးငယ်တစ်ဦးကို အသက်တစ်လခွဲမှစပြီး ပထမအကြိမ် စတိုက်ပါတယ်။ တစ်ကြိမ်နဲ့ တစ်ကြိမ် အနည်းဆုံးလေးပတ် သို့မဟုတ် တစ်လခြားပြီး တိုက်တာဖြစ်ပါတယ်။ ဒုတိယနှင့် တတိယအကြိမ် အထိ သုံးကြိမ်ဆက်တိုက် တိုက်ကျွေးခြင်း ဖြစ်ပါတယ်။ ဒီလုပ်ငန်းကို မြန်မာနိုင်ငံမှာ ၁၉၈၇ခုနှစ် ကတည်းကစပြီး တိုက်လာခဲ့တာ ခုဆို ၁၉ နှစ်ရှိပြီ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီနည်းဗျူဟာတစ်ခုတည်းနဲ့ ပိုလီယိုအကြောသေရောဂါ လုံးဝပပျောက်အောင် ဆောင်ရွက်ရာမှာ မလုံလောက်ပါဘူး။ မြန်မာနိုင်ငံမှာ ပုံမှန်ကာကွယ်ဆေးတိုက်လုပ်ငန်းကို တစ်နိုင်ငံလုံးလွှမ်းခြုံအောင် ဆောင်ရွက်နိုင်ပြီဖြစ်ပေမယ့် အကြောင်းကြောင်းကြောင့် ပိုလီယိုကာကွယ်ဆေး မတိုက်လိုက်ရတဲ့ ကလေးတွေဟာ ၁၀ရာခိုင်နှုန်းမှ ၁၅ရာခိုင်နှုန်းခန့် အမြဲကျန်နေတတ်တာကြောင့် ဖြစ်ပါတယ်။

ဒုတိယနည်းဗျူဟာအဖြစ်“အမျိုးသားကာကွယ်ဆေးတိုက်နေ့များကျင်းပဆောင်ရွက်ခြင်း” ဖြစ်ပါတယ်။ ဒီနည်းဗျူဟာမှာ ပိုလီယိုကာကွယ်ဆေးကို အပိုဆောင်းနှစ်ကြိမ် တိုက်ကျွေးခြင်းဖြစ်ပြီး တစ်နိုင်ငံလုံးမှာရှိတဲ့ ငါးနှစ်အောက်ကလေးပေါင်း ၆ဒသမ ၂သန်းခန့်ကို နယ်စပ်ဒေသတွေနဲ့ ဝေးလံခက်ခဲသော မြို့နယ်များပါမကျန်၊ တစ်ယောက်မကျန် တိုက်ကျွေးရန် ဆောင်ရွက်ခြင်းဖြစ်ပြီး ယခင်က ပိုလီယိုကာကွယ်ဆေးအကြိမ် မည်မျှတိုက်ပြီးခြင်းကို လုံးဝထည့်သွင်းမစဉ်းစားဘဲ အဲဒီနေ့မှာ သေချာပေါက် တိုက်ဖြစ်အောင် တိုက်ကျွေးခြင်းပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၉၆ ခုနှစ်မှ စတင်ပြီး ဆောင်ရွက်ခဲ့တာ အဋ္ဌမနှစ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ကာလအထိ ရှစ်နှစ်တိုင် ဆောင်ရွက်ခဲ့ပြီးပါပြီ။ နှစ်စဉ်ငါးနှစ်အောက် ကလေးပေါင်းရဲ့ ၉၅ ရာခိုင်နှုန်းအထက်ကို လွှမ်းခြုံတိုက်ကျွေးနိုင်ခဲ့ပါတယ်။

အထက်ပါနည်းဗျူဟာနှစ်ခုကို ဆောင်ရွက်ခြင်းဖြင့် ပိုလီယိုအကြောသေရောဂါဖြစ်ပွားမှု ပြတ်တောက်သော အဆင့်သို့ ရောက်မရောက်သိရှိနိုင်ဖို့အတွက် တတိယနည်းဗျူဟာဖြစ်တဲ့ လတ်တလော ပျော့ခွေအကြောသေရောဂါစု မျက်ခြည်မပြတ် စောင့်ကြည့်ထောက်လှမ်းခြင်းနည်းဗျူဟာကို ကျင့်သုံးရပါတယ်။ ဒီနည်းဗျူဟာကတော့ ကာကွယ်ဆေးတိုက်ကျွေးမှုတွေရဲ့ အမှန်တကယ် ထိရောက်မှုရှိ–မရှိကို စနစ်တကျတိုင်းတာပေးမယ့် နည်းစနစ်ဖြစ်တာမို့ ယနေ့တိုင် ဆက်လက်ကျင့်သုံးနေဆဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ လတ်တလောပျော့ခွေ အကြောသေရောဂါ မျက်ခြည်မပြတ် လေ့လာစူးစမ်းမှုအရ ၁၉၉၉ခုနှစ်မှာ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်တို့မှ ပိုလီယိုအရိုင်းပိုးတွေ့ရှိသူ လူနာနှစ်ဦးစီ စုစုပေါင်းလေးဦး တွေ့ရှိခဲ့ရပါတယ်။ ဒီအဖြစ်အပျက်ကို အခြေခံပြီး ပိုလီယိုအကြောသေရောဂါ ပပျောက်ရေးရဲ့ နောက်ဆုံးနည်းဗျူဟာဖြစ်တဲ့ အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းကို ၁၉၉၉ ခုနှစ်မှစပြီး ၂၀၀၃ ခုနှစ်အထိ ခြောက်ကြိမ်တိုင်တိုင် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့တာမို့ ပိုလီယိုကင်းတဲ့ မြန်မာနိုင်ငံအဖြစ် ၂၀၀၃ခုနှစ် ဖေဖော်ဝါရီလ၁၃ရက်နေ့မှာ ကြေညာနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒီလို အိမ်တိုင်ရာရောက် ကောက်သင်းကောက် ကာကွယ်ဆေးတိုက်ကျွေးခြင်းဖြင့် ပိုလီယိုရောဂါပပျောက်ရေးရဲ့ အဓိကသော့ချက်ဖြစ်တဲ့ ယခင်က ပိုလီယိုကာကွယ်ဆေးကို အကြောင်းကြောင်းကြောင့် လုံးဝ မသောက်လိုက်ရတဲ့ ကလေးတွေကို ဖော်ထုတ်တိုက်ကျွေးနိုင်ခဲ့တာမို့ ရာခိုင်နှုန်းပြည့် လွှမ်းခြုံမှုပေးနိုင်ခဲ့ပြီး အောင်မြင်မှုရရှိခဲ့တာ ဖြစ်ပါတယ်။

**ဒီနှစ် စက်တင်ဘာလ ၃ ရက် (တနင်္ဂနွေနေ့)မှာ ပထမအကြိမ်နဲ့ အောက်တိုဘာလ ၁ရက်(တနင်္ဂနွေနေ့)မှာ ဒုတိယအကြိမ် တိုက်ကျွေးမယ့် စတုတ္ထနှစ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များမှာ ပြည်နယ်တိုင်းငါးခုရဲ့ မြို့နယ် ၈၀ မှာရှိကြတဲ့ အသက်ငါးနှစ်အောက် ကလေးပေါင်း နှစ်သန်းကျော်အား တစ်ဦးတစ်ယောက်မကျန် အာနိသင်ပြည့်ဝတဲ့ ပိုလီယိုကာကွယ်ဆေးတွေကို တိုက်ကျွေးနိုင်ဖို့ အရေးကြီးပါတယ်။ ဒီနေရာမှာ ယခင့်ယခင်က အကြောင်းကြောင်းကြောင့် ပိုလီယိုကာကွယ်ဆေး လုံးဝမတိုက်လိုက်ရသော ကလေးတွေကို ဖော်ထုတ်တိုက်ကျွေးဖို့ အလွန်အရေးကြီးပါတယ်။** ဒီနှစ်မှာ ယခင်နှစ်တွေကလို အမျိုးသား ကာကွယ်ဆေးတိုက်ရက်မှာ တစ်ရက်တည်းနဲ့ စုရပ်မှာ လူစာရင်းကိုကြည့်ပြီး စောင့်တိုက်ရုံသက်သက်မဟုတ်ဘဲ ညနေစောင်းအထိဖွင့်ပြီး တိုက်ဖြစ်အောင်တိုက်ဖို့၊ ဒုတိယရက်မှာ စာရင်းတွင်ကျန်ရှိနေသေးသော ကလေးများအား သက်ဆိုင်ရာကျေးရွာ/ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် လူမှုရေးအဖွဲ့များမှ စေတနာ့ဝန်ထမ်းများရဲ့ အကူအညီကိုယူပြီး အိမ်တိုင်ရာရောက်သွားရောက်တိုက်ကျွေးဖို့နဲ့ ကလေးများ ကျန်ရှိနေရင် တတိယနေ့မှာ အိမ်တိုင်ရာရောက် တိုက်ကျွေးဖို့လိုပါတယ်။

ပိုလီယိုပပျောက်ရေး နည်းဗျူဟာ လေးရပ်ကို မြန်မာနိုင်ငံမှာ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့လို့ ပိုလီယိုကင်းစင်သော နိုင်ငံအဖြစ် ရောက်ရှိခဲ့သော်လည်း ဆက်လက်ထိန်းသိမ်းသွားနိုင်ဖို့အတွက်ကတော့ အလွန်အရေးကြီးပါတယ်။ မျိုးဆက်သစ်လူငယ်ကလေးများရဲ့ ကျန်းမာကြံ့ခိုင်ရေးဟာ အဓိကကျတဲ့ကဏ္ဍမှာပါဝင်တာမို့ မြန်မာနိုင်ငံရဲ့ပိုလီယိုကင်းစင်သော သာယာလှပတဲ့အခြေအနေကို ဝိုင်းဝန်းထိန်းသိမ်းကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

## မြဝတီရုပ်မြင်သံကြား

**၃၁–၈–၂၀၀၆**
**(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၅:၂၅ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“လွှိုု့ဝှက်ချက်”** (အပိုင်း–၉)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရွှေမင်းသမီး”** (အပိုင်း–၅)

## လှူဒါန်း



မိခင်ကြီး ဒေါ်ချောချော အား ရည်စူး၍ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် နေ သားသမီးများက ဒဂုံမြို့နယ်အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) လက်ထောက် အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၃၀

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးနှင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ ဌာနမှူးများ၊ ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ နည်းပြဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ကြိုဆိုနှုတ်ခွန်းဆက်

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာ ဦးဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။



**ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာဦးဝင်း ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ် ပညာရေးမိသားစုကလှူဒါန်းသည့် ကျေးလက် စာကြည့်တိုက်များ အတွက် စာအုပ်များကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းနှင့် အဖွဲ့ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

### ဟောပြော

ယင်းနောက် ဟောပြောမည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး အဖွဲ့ဝင် အမျိုးသားစာပေဆုရ စာရေးဆရာမ မစန္ဒာက **‘သင်ယူခြင်း၏ အဓိပ္ပာယ်’** ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ပညာရေးမိသားစုမှ ကျေးလက် စာကြည့်တိုက်များအတွက် စာအုပ် ၃၇၆ အုပ်ကို ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ဦးဝင်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းနှင့် အဖွဲ့က လက်ခံသည်။

### လက်ခံ

ထို့နောက် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် မြန်မာစာဌာနမှ ပါမောက္ခ ဌာနမှူး ဒေါ်စိုးမြင့်က ဟောပြောပေးသော အမျိုးသားစာပေဆုရ စာရေးဆရာမ မစန္ဒာအား အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့်က အမျိုးသမီးများဆိုင်ရာ ဥပဒေရေးရာစာအုပ်များကိုပေးအပ်လှူဒါန်းရာရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးတင်မောင်ညွန့်ကလက်ခံ၍ ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**





**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး အဖွဲ့ဝင် အမျိုးသားစာပေဆုရ စာရေးဆရာမ မစန္ဒာက ‘သင်ယူခြင်း အဓိပ္ပာယ်’ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောစဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြင်ဦးလွင် နွယ်နင်းကျေးရွာ၌ စည်းရုံးအသိပညာပေး ဟောပြောဆွေးနွေး

ရန်ကုန် ဩဂုတ် ၃၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ စီစဉ်ဆောင်ရွက်မှုဖြင့် စည်းရုံးအသိပညာပေးဟောပြောဆွေးနွေးပွဲကို ဩဂုတ် ၂၃ရက်တွင် ပြင်ဦးလွင်မြို့နယ် နွယ်နင်းကျေးရွာ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ စည်းရုံးရေးဌာနကြီးမှူး၊ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြင်ဦးလွင် ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ နွယ်နင်း၊ ကံကြီးကုန်း၊ ပြင်စာ၊ ဖောင်းတော၊ ကျွဲနွားထောက်၊ ဒိုးကွင်း၊ ပိန္နဲကုန်း၊ ဖှသင်း၊ ဆင်ခေါင်းကြီး၊ ၂၁ မိုင်နှင့် သုံးတောင်ကျေးရွာများမှ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျေးရွာမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ကျေးရွာသူ အမျိုးသမီးများ စုစုပေါင်း ၅၁၀ တို့တက်ရောက်ကြသည်။

### ရှင်းလင်းပြောကြား

အဆိုပါ စည်းရုံးအသိပညာပေး ဟောပြော ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက အဖွင့် အမှာစကားနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ကြီးမှူးနှင့် အဖွဲ့ခေါင်းဆောင်များက အသိပညာပေးဆွေးနွေးချက်များအပေါ် နားလည် သဘောပေါက်မှုကို ဆန်းစစ်ကြပြီး မရှင်းလင်းသည့် မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။

စည်းရုံးအသိပညာပေး ဟောပြောဆွေးနွေးပွဲအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းသော အမျိုးသမီးရေးရာဝတ်စုံများကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌသို့ လည်းကောင်း၊ နွယ်နင်း ကျေးရွာစာကြည့်တိုက်သို့ သုတ၊ ရသစာအုပ်များကို ကျေးရွာအမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌသို့ လည်းကောင်း ပေးအပ်ပြီး HIV/AIDS လက်ကမ်းစာစောင်များနှင့် အိုင်အိုဒင်းဆားများကို လှူဒါန်းခဲ့သည်။




**မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် စည်းရုံးရေး ဌာနကြီးမှူး အဖွဲ့ဝင် အမျိုးသားစာပေဆုရ ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦး အမျိုးသမီးငယ်များအား အသိအမှတ်ပြု အဖွဲ့ဝင် ကတ်ပြားများကို ပေးအပ်၍ ရင်ထိုးတံဆိပ်များကို တပ်ဆင်ပေးစဉ်။** (သတင်းစဉ်)

### ဟောပြော

ထို့နောက် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်မိမိလေးက လူကုန်ကူးမှုတားဆီး ကာကွယ်ရေးနှင့် ပတ်သက်၍ လည်းကောင်း၊ အထက်မြန်မာပြည်ခုခံကျ/ကာလသားအထူးကု ဆရာဝန်ကြီး ဒေါက်တာထွန်းမြင့်က HIV/AIDS ရောဂါအကြောင်းကို လည်းကောင်း အသိပညာပေး ဟောပြောကြသည်။

### နားလည်သဘောပေါက်

ယင်းနောက် တက်ရောက်လာကြသူများအား အမျိုးသမီးရေးရာ စကားဝိုင်း ၁၀ဝိုင်းခွဲ၍ စည်းရုံးရေးဌာန

### အဆိုပြုလွှာပေးအပ်

ထို့နောက်ပြင်ဦးလွင်ခရိုင်အတွင်းရှိ မြို့နယ်များက အမျိုးသမီးရေးရာ အဖွဲ့ဝင်အဆိုပြုလွှာ အစောင် ၆၅၀၀ ကို မန္တလေးတိုင်း အမျိုးသမီးရေးရာ အဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြေးမုံဦးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ ဌာနကြီးမှူးထံ ပေးအပ်ပြီး စည်းရုံးရေး ဌာနကြီးမှူးက အမျိုးသမီးငယ်များအား အသိအမှတ်ပြု အဖွဲ့ဝင် ကတ်ပြားများကို ပေးအပ်၍ ရင်ထိုးတံဆိပ်များကို တပ်ဆင်ပေးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ပြင်ဦးလွင်မြို့နယ် နွယ်နင်းကျေးရွာတွင် အမျိုးသမီးရေးရာ စကားဝိုင်းများပြုလုပ်ပြီး ရင်းရင်းနှီးနှီး ဆွေးနွေးကြစဉ်။** (သတင်းစဉ်)



## မိုးလေဝသ

## ရွာရန်ရာနှုန်း ၈၀

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန် ရာနှုန်း၈၀ ဖြစ်သည်။**

● ကျောဖုံးမှ





**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း မင်းဘူး–အမ်း ကားလမ်းတွင် စက်ယန္တရားကြီးများဖြင့် လမ်းပြင်ဆင်မွမ်းမံ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

မင်းဘူး–အမ်းကားလမ်း၏ ကြက်ရေစမ်းရှေ့တန်းစခန်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဖောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၃)၏ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ အင်ဂျင်နီယာမှူး ဦးဘစောက မင်းဘူး– အမ်းကားလမ်း မိုင်တိုင်အမှတ်(၆၁/၀)မှ မိုင်တိုင်အမှတ် (၈၈/၀)အထိ လမ်းအရှည် ၂၇မိုင်၊ လမ်းအကျယ် ၁၂ပေကို လမ်းအနိမ့်အမြင့်ညှိခြင်း၊ ကျောက်ကတ္တရာဖြင့် လမ်းပေါက်များ ဖာထေးခြင်းလုပ်ငန်းများဆောင်ရွက်မှု အခြေအနေ၊ လမ်းဘေး ဝဲယာရေမြောင်း တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် လုပ်ငန်းအစီအစဉ်များကို လည်းကောင်း၊ အင်ဂျင်နီယာမှူး ဦးအုန်းလွင်က မိုင်တိုင်အမှတ် (၈၈/၀)မှ မိုင်တိုင်အမှတ်(၉၇/၀) အထိ လမ်းအရှည် ကိုးမိုင်၊ လမ်းအကျယ် ၁၂ပေကို လမ်းပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး အင်ဂျင်နီယာချုပ် ဦးကျော်တင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက မြေပြိုမှုကြောင့် ယာဉ်အသွားအလာ ပြတ်တောက်မှု မဖြစ်အောင် ဂရုစိုက်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ မိုးတွင်းကာလတွင် လမ်းဘေးဝဲ/ယာ ရေဆင်းမြောင်းများ စနစ်တကျ တူးဖော်ခြင်းနှင့် လမ်းပေါက်ဖာထေးခြင်း လုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိုးရာသီအတွင်း ယာဉ်သွားလာမှု ကောင်းမွန်မှန်ကန်ရေး ကြိုးပမ်း ဆောင်ရွက်ရမည် ဖြစ်ကြောင်း တာဝန်ရှိသူများအား မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကြက်ရေစမ်း ရှေ့တန်းစခန်းမှ အမ်းမြို့အထိ ကားလမ်းတစ်လျှောက်ရှိ ရေဆင်းမြောင်းများ တူးဖော်ပြီးစီးမှု အခြေအနေနှင့် ကျောက်ကတ္တရာဖြင့် လမ်းပေါက်ဖာထေးခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အမ်းမြို့ ဒေသဖွံ့ဖြိုးရေးရုံးသို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ ပြည်နယ်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

ထိုသို့ တွေ့ဆုံရာတွင် အမ်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယရဲမှူး ခင်မောင်ဆွေက ၂၀၀၆–၂၀၀၇ ခုနှစ် မိုးစပါးစိုက်ပျိုးရန် လျာထားဧက ၅၁၂၀၈ ဧကတွင် ၅၁၂၁၈ ဧကစိုက်ပျိုးပြီးစီးမှု၊ ငရုတ်ကောင်းလျာထားဧက ၃၀၀တွင် ဧက ၃၀စိုက်ပျိုးပြီးစီးမှု၊ ရော်ဘာ ၇၁၈ ဧကနှင့် ခြံစည်းရိုးကြက်ဆူပင် ၈၁၀ ဒသမ ၆၀ ဧက စိုက်ပျိုးပြီးစီးမှု အခြေအနေများ၊ အမ်းမြို့နယ်ဆိုင်ရာ အချက်အလက်များ၊ အမ်းမြို့နယ်အတွင်း ပညာရေးကဏ္ဍ၊ ကျန်းမာရေး ကဏ္ဍအလိုက် ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးတင့်နှင့် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်တို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

**တိုးချဲ့စိုက်ပျိုး**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားရာ၌ ယခုနှစ်တွင် အမ်းမြို့နယ်၌ မိုးစပါး ပိုမိုစိုက်ပျိုးနိုင်ကြောင်း၊ ပဲဆီထွက် သီးနှံများလည်း လျာထားချက်နှင့်အညီ စိုက်ပျိုးနိုင်သည်ကို တွေ့ရကြောင်း၊ ရခိုင်ပြည်နယ်ကို ငရုတ်ကောင်းပြည်နယ်ဖြစ်စေရန် တိုးချဲ့စိုက်ပျိုးနိုင်သမျှ တိုးချဲ့ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရော်ဘာသည် နိုင်ငံခြား ဝင်ငွေရနိုင်ပြီး ဒေသအတွင်း အလုပ်အကိုင် အခွင့်အလမ်းများပေးနိုင်ကြောင်း၊ ရခိုင်ပြည်နယ်၏ ရော်ဘာစိုက်ဧက တစ်သိန်း ရည်မှန်းချက်ကို ပြည့်မီအောင် အမ်းမြို့နယ်ကလည်း လျာထားချက်နှင့်အညီ မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊အမ်းချိုင့်ဝှမ်းကို ရော်ဘာချိုင့်ဝှမ်းအဖြစ် အသွင်ပြောင်းနိုင်အောင်စံနမူနာပြ စိုက်ပျိုးဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်က အမ်းမြို့ ဖွံ့ဖြိုးတိုးတက်ရန် လေယာဉ်ကွင်း၊ ခုတင်(၁၀၀)ဆံ့ ဆေးရုံ အစရှိသည်တို့ကို စီမံဆောင်ရွက်ပေးထားကြောင်း၊ ဌာနဆိုင်ရာများကလည်း မိမိတို့မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်နယ်၏ မိုးစပါး လျာထားချက် ဧက၁၂သိန်း ထက် ကျော်လွန်အောင် စိုက်ပျိုးရာတွင်အမ်းမြို့နယ်က တစ်တပ်တစ်အား ပါဝင်လုပ်ဆောင်ရမည် ဖြစ်ကြောင်းနှင့် ခြံစည်းရိုး ကြက်ဆူပင်ကိုလည်း သုံးနှစ်အတွင်း ဧကငါးသိန်း ပြည့်မီအောင်ဆောင်ရွက်ရာတွင် မြို့နယ်လျာထားချက် ပြည့်မီကျော်လွန်အောင် လုပ်ဆောင်ရန် လိုကြောင်းဖြင့် တိုက်တွန်းမှာကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# အမေရိကန်သံရုံးနှင့်ဗြိတိသျှသံရုံးတို့က NLD ပါတီဝင်များအား သင်တန်းအမျိုးမျိုး ဖွင့်လှစ်ပို့ချသင်ကြားညွှန်ပြပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်နေကြောင်း

## ပုဂ္ဂလိကစာနယ်ဇင်းသမားများအတွင်း ဝေဖန်သုံးသပ်ပြောကြားမှုများရှိနေ

ရန်ကုန် ဩဂုတ် ၃၀

**ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် ဗြိတိသျှသံရုံးတို့မှ သံတမန်များသည် ၎င်းတို့၏ အကျိုးစီးပွားအတွက် သံတမန်ကျင့်ဝတ်များကိုဖောက်ဖျက်ပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်နေကြောင်း အားလုံးအသိပင်ဖြစ်သည်။ အထူးသဖြင့် ၁၉၈၈ ခုနှစ်နောက်ပိုင်းမှစ၍ မြန်မာနိုင်ငံ၏ တည်ငြိမ်မှုပျက်ပြားအောင်၊ အေးချမ်းသာယာမှုများ ယိုယွင်းအောင်၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာအောင် နည်းမျိုးစုံဖြင့် လုပ်ဆောင်နေရာတွင် တရားမဝင် သင်တန်းဖွင့်လှစ်ပို့ချခြင်းများလည်း ပါဝင်လျက်ရှိသည်။**

**သင်တန်းများတက်ရောက်စေလျက်ရှိ**

NLD မှ တာဝန်ရှိသူများသည် ရန်ကုန်မြို့ရှိ ဗြိတိသျှသံရုံးနှင့်အမေရိကန်သံရုံးတို့နှင့် ဆက်သွယ်ညှိနှိုင်း၍ NLD ပါတီဝင်များအား အခမဲ့သင်ကြားပေးရန် သဘောတူညီချက်ရယူပြီး ၎င်းတို့၏ ပါတီဝင်များအား ဗြိတိသျှသံရုံး ပြန်ကြားရေးဌာနနှင့် အမေရိကန်စင်တာတို့၌ ဖွင့်လှစ်သော သင်တန်းများသို့ တက်ရောက်စေလျက်ရှိကြောင်း သိရသည်။

ဗြိတိသျှသံရုံး ပြန်ကြားရေးဌာနတွင် အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းနှင့် အပြည်ပြည်ဆိုင်ရာဆက်ဆံရေးသင်တန်း နှစ်မျိုးကိုလည်းကောင်း၊ အမေရိကန်စင်တာတွင် အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်း၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးသင်တန်းနှင့် ကမ္ဘာလုံးဆိုင်ရာ နည်းပညာဖြန့်ကြက်မှုသင်တန်း သုံးမျိုးတို့ကိုလည်းကောင်း ဖွင့်လှစ်လျက်ရှိသည်။

အဆိုပါသင်တန်းများသို့ သာမန်အရပ်သားများ တက်ရောက်လိုပါက ဝင်ခွင့်စာမေးပွဲအောင်မြင်မှ တက်ရောက်ခွင့်ရှိကာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ ခန့် သင်တန်းကြေးပေးဆောင်ရသော်လည်း NLD ပါတီဝင်ဖြစ်ပါက သင်တန်းကြေးပေးရန်မလိုဘဲ သီးခြားသင်ကြားပေးနေခြင်းဖြစ်သည်။

အမေရိကန်စင်တာ၌ Professional Development Programme-1 သင်တန်းကို ၂၀၀၂ ခုနှစ် နှစ်ဦးပိုင်းမှစ၍ ၂၀၀၃ ခုနှစ်အထိ အပတ်စဉ် အင်္ဂါနှင့်ကြာသပတေးနေ့တို့တွင် ဖွင့်လှစ်ခဲ့ရာ NLDမှ ဒေါက်တာဝင်းနိုင်၊ ဦးမြင့်သိန်း၊ ဦးထွန်းထွန်းဟိန်၊ ဦးလှမင်း၊ ဦးဝင်းမြင့်နှင့် ဦးသိန်းဦးတို့ခြောက်ဦးတက်ရောက်ခဲ့ကြပြီး ၂၀၀၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ဆက်လက်ဖွင့်လှစ်ခဲ့ရာ NLDမှ ဒေါက်တာမျိုးအောင်၊ ဦးဉာဏ်ဝင်း၊ ဦးဟံဇော်၊ ဒေါ်နန်းခင်ထွေးမြင့်၊ ခင်ထွန်းနှင့် တိုးလွင်တို့ ခြောက်ဦး တက်ရောက်ခဲ့ကြသည်။

**သင်ကြားပို့ချပေးခဲ့**

ဆက်လက်၍ Professional Development Programme-2 သင်တန်းကို ၁၄–၆–၂၀၀၅ရက်တွင် ဆက်လက်ဖွင့်လှစ်ခဲ့ရာ NLD မှ ဦးဟန်သာမြင့်၊ ဒေါက်တာအောင်မိုးညို၊ ဦးထွန်းမြိုင်၊ ဦးသိန်းဇံ၊ ဦးစိုးဝင်း၊ ဒေါ်အေးအေးမာ၊ ဒေါက်တာသန်းဝင်း၊ ဦးဝင်းသောင်း၊ ဦးကျော်ဟိုး၊ ဒေါ်သန်းငွေနှင့် ဦးဇော်ဘွဲ့ စုစုပေါင်း ၁၁ဦး တက်ရောက်လျက်ရှိပြီး အဆိုပါသင်တန်းတွင် လူကုန်ကူးမှုဆိုင်ရာ ဘာသာရပ်၊ ILO ၏ အလုပ်သမားများနှင့်သက်ဆိုင်ရာ ပြဋ္ဌာန်းသည့် စာတမ်း၊ လူ့အဖွဲ့အစည်းများအကြောင်း၊ လူ့အခွင့်အရေးကောက်နုတ်ချက်၊ ဖက်ဒရယ်မှု နှင့် ပတ်သက်သည့် အကြောင်းအရာ အချက်အလက်စသည်များကို ၂၀၀၅ ခုနှစ်တွင် ၂၈ကြိမ်၊ ၂၀၀၆ ခုနှစ်တွင် ဩဂုတ်၂၃ရက်အထိ ၃၅ ကြိမ် သင်ကြားပို့ချပေးခဲ့ကြောင်း သတင်းရရှိသည်။

အလားတူ ဗြိတိသျှသံရုံး ပြန်ကြားရေးဌာန၌ အင်္ဂလိပ်စကားပြောနှင့် ကွန်ပျူတာသင်တန်းကို ၂၀၀၂ ခုနှစ် နှစ်ဦးပိုင်းမှစ၍ ၂၀၀၃ ခုနှစ်အထိ အပတ်စဉ် ကြာသပတေးနေ့နှင့် စနေနေ့တို့တွင် ဖွင့်လှစ်ခဲ့ရာ NLDမှ ဒေါက်တာဝင်းနိုင်၊ ဦးမြင့်သိန်း၊ ဦးထွန်းထွန်းဟိန်၊ ဦးလှမင်း၊ ဦးဝင်းမြင့်၊ ဦးသိန်းဦးတို့ခြောက်ဦး တစ်ဆက်တည်း တက်ရောက်ခဲ့ကြပြီး ၂၀၀၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ဆက်လက်ဖွင့်လှစ်ခဲ့ရာ NLDမှ ဒေါက်တာမျိုးအောင်၊ ဦးဉာဏ်ဝင်း၊ ဦးဟံဇော်၊ ဒေါ်နန်းခင်ထွေးမြင့်၊ ခင်ထွန်းနှင့် တိုးလွင်တို့ ခြောက်ဦး တစ်ဆက်တည်း တက်ရောက်ခဲ့ကြသည်။

၂၂–၉–၂၀၀၅ ရက်နေ့တွင် အဆိုပါ သင်တန်းကို ဆက်လက်ဖွင့်လှစ်ခဲ့ရာ NLD မှ ဦးဟန်သာမြင့် အပါအဝင် ၁၁ ဦး တစ်ဆက်တည်း တက်ရောက်လျက်ရှိကြောင်း၊ ၎င်းသင်တန်းတွင် သင်ရိုးညွှန်းတမ်း စနစ်တကျဆွဲမထားဘဲ အင်္ဂလိပ်စကားပြော၊ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရမှု၊ ကမ္ဘာ့နိုင်ငံများအသီးသီး၌ လာဘ်စားမှု၊ အင်တာနက်သတင်း၊ ကမ္ဘာ့ကုန်သွယ်ရေးစနစ်၊ အင်အားနည်းနိုင်ငံများ၌ လူ့အခွင့်အရေးနှင့်ဥပဒေချိုးဖောက်မှုစသည်တို့ကို ၂၀၀၅ ခုနှစ်တွင် ၁၈ ကြိမ်၊ ၂၀၀၆ ခုနှစ်တွင် ဩဂုတ်၁၂ရက်အထိ ၃၄ ကြိမ် သင်ကြားပို့ချပေးခဲ့ကြောင်း သတင်းရရှိသည်။

**အရောင်ဆိုးနိုင်ရန်ဖွင့်လှစ်**

၎င်းသံရုံးများ၌ဖွင့်လှစ်သည့် သင်တန်းများသို့ မြန်မာစာနယ်ဇင်းလောကမှ လူငယ်အချို့ကိုလည်းတက်ရောက်စေခဲ့ရာ ၎င်းတို့၏ သင်ကြားပို့ချမှုမှာ သကာရည်အုပ်ထားသည့် ဆေးခါးကြီးတိုက်သကဲ့သို့ ဖြစ်နေသည့်အတွက် မီဒီယာအဆိပ်အတောက်ဟုခေါ်နိုင်ကြောင်း၊ အထူးသဖြင့် စာနယ်ဇင်းလောကသို့ ယခုမှဝင်ရောက်စဖြစ်သည့် အတွေ့အကြုံမရှိသေးသော အဖြူထည်လူငယ်စာနယ်ဇင်းသမားများအား ၎င်းတို့စိတ်ကြိုက် အရောင်ဆိုးနိုင်ရန် ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများ ဖြစ်ကြောင်း။

အဆိုပါသင်တန်းများတွင် သင်တန်းသားများအား မြန်မာနိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည်တို့ကို ဆွေးနွေး၊ ရေးသား တင်ပြစေခြင်းဖြင့် နိုင်ငံခြားသားသင်တန်းနည်းပြများက ၎င်းတို့သိလိုသည်များကို အမြတ်ထုတ်ညှစ်ယူနေကြောင်း၊ မြန်မာနိုင်ငံ၏ သတင်းများကို သင်တန်းအား အကြောင်းပြလျက် နှိုက်ယူနေခြင်းသာဖြစ်ကြောင်း၊ တစ်ဖက်မှလည်း၎င်းတို့ သွေးထိုးပြောကြား၊ ညွှန်ကြားလိုသည်များကိုသင်ကြားပို့ချနေကြောင်း၊ သင်တန်းသားများအတွက်မူ အင်္ဂလိပ်စကားပြော၊ အရေးအသားစသည်တို့ တိုးတက်ကောင်းမွန်လာသည့် အကျိုးမရရှိကြောင်း၊ အဆိုပါသံရုံးများအနေဖြင့် NLDနှင့်ပူးပေါင်း၍ တရားမဝင်သင်တန်းများ ဖွင့်လှစ်ပို့ချသင်ကြားညွှန်ပြနေခြင်းသည် သံတမန်ကျင့်ဝတ်ကို ဖောက်ဖျက်ပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက်နှောင့်ယှက်နေခြင်းသာဖြစ်ကြောင်းစသည်ဖြင့် ပုဂ္ဂလိကစာနယ်ဇင်းသမားများအတွင်း ဝေဖန်သုံးသပ်ပြောကြားမှုများရှိနေသည်ဟုသိရှိရသည်။ **(က–ပ)**

# ဘယ်လာမီသည် ဝေလအသင်းအတွက် အဓိကတိုက်စစ်မှူးဖြစ်လာ

**စုစည်းတင်ပြသူ**
**မောင်မောင်မြင့်ဆွေ**

**လန်ဒန် ဩဂုတ် ၃၀**

ဘယ်လာမီသည် ဝေလအသင်းအတွက် အဓိက အားထားစရာ ကစားသမားဖြစ်လာကြောင်း၊ တိုက်စစ်တွင် ထက်မြက်သော တိုက်စစ်မှူးတစ်ဦးဖြစ်ကြောင်း ဝက်စ်ဟမ်း အသင်း ဗဟိုခံစစ်မှူး ဂတ်ဘီဒန်က ပြောကြားလိုက်သည်။

## ခြေစွမ်းပြနိုင်

ဘယ်လာမီသည် တစ်ဖက်အသင်း နောက်တန်း ခံစစ်မှူးများကို ခြိမ်းခြောက်နိုင်သူ ဖြစ်သည့်အပြင် မည်သို့ ကျော်ဖြတ်ရမည်ကို သိသူဖြစ်ကြောင်း ၎င်းက ပြောကြား သည်။ ဘယ်လာမီအနေဖြင့် စနေနေ့တွင် ချက်အသင်းနှင့် ကစားမည့် ယူရို ၂၀၀၈ခြေစစ်ပွဲတွင် ဝေလအသင်းအတွက် ခြေစွမ်းပြ ကစားနိုင်ဖွယ်ရှိသည်။

## ပြောကြား

အသက် ၂၇နှစ်အရွယ်ရှိ တိုက်စစ်မှူးဘယ်လာမီသည် မိမိတို့ ဝေလအသင်းတွင် ယခုနှစ်၌ ခြေစွမ်းအထက် မြက်ဆုံး ဘောလုံးသမားတစ်ဦးအဖြစ် မြင်တွေ့ရမည် ဖြစ်ကြောင်း၊ မိမိတို့ အသင်းအောင်မြင်မှုများရရှိရေးတွင် ဘယ်လာမီအပေါ် မူတည်နေကြောင်း ဝေလအသင်း နည်းပြ ဂျွန်တိုရှိတ်က ပြောကြားသည်။ **(အင်တာနက်)**



**ဝေလတိုက်စစ်မှူး ဘယ်လာမီ** (ယာ)

# အဲရစ်ဆင်နုတ်ထွက်မှုသည် ကြီးမားသောဆုံးရှုံးမှုမဟုတ်

**လန်ဒန် ဩဂုတ် ၃၀**

အင်္ဂလန်ဘောလုံးအသင်း နည်းပြဟောင်း ဆဗင်ဂိုရန် အဲရစ်ဆင် နုတ်ထွက်သွားမှုသည် အင်္ဂလန်အသင်းအတွက် ကြီးမားသော ဆုံးရှုံးမှုတစ်ရပ်မဟုတ်ကြောင်း အင်္ဂလန်



**ဘရင်းဘာဝစ်ခ်** (ဝဲ) **နှင့် အဲရစ်ဆင်** (ယာ)

ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဘရင်းဘာဝစ်ခ်က ပြောကြား လိုက်သည်။

အဲရစ်ဆင်သည် ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ကွာတားဖိုင်နယ်တွင် ပေါ်တူဂီအသင်းကို ရှုံးနိမ့်ကာ အင်္ဂလန်တို့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှ ထွက်ခဲ့ရပြီး နောက်ပိုင်း အဲရစ်ဆင်နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

## ပြောကြား

အင်္ဂလန်အသင်းကို အကောင်းဆုံးရလဒ်ရရှိအောင် ဆောင်ကြဉ်းပေးရန် သူ့၌ အခွင့်အရေးကောင်းများ ရရှိခဲ့ သော်လည်း ပီပြင်အောင်မလုပ်နိုင်ခဲ့ကြောင်း ဘရင်းဘာ ဝစ်ခ်က ပြောကြားသည်။

## အခြေအနေကောင်း

ယခုအခါ မက်ကလာရင်သည် အင်္ဂလန်နည်းပြအဖြစ် ဆောင်ရွက်ရာ၌ အောင်မြင်မှုများ ရရှိနေကြောင်း၊ ပြဿနာ အခက်အခဲအချို့ရှိနေသော်လည်း အင်္ဂလန်အသင်းသည် လက်ရှိအချိန်၌ အခြေအနေကောင်းနေကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

## တာဝန်ယူခဲ့

အဲရစ်ဆင်သည် အင်္ဂလန်အသင်းနည်းပြအဖြစ် ငါးနှစ် တာကာလ တာဝန်ယူခဲ့ရာတွင် ပေါင်ငွေ ၂၅ သန်းရရှိ ခဲ့ကြောင်း မီဒီယာများက ဖော်ပြသည်။

**(အင်တာနက်)**

# ရီးရဲမက်ဒရစ်မှ နောက်ခံလူဝုဒ်ဂိတ် မစ်ဒယ်ဘရော့သို့ တစ်နှစ်အငှားဖြင့်ရောက်ရှိ

**လန်ဒန် ဩဂုတ် ၃၀**

ရီးရဲမက်ဒရစ် နောက်ခံကစားသမား ဂျိုနသန်ဝုဒ်ဂိတ် အား မစ်ဒယ်ဘရော့တွင် တစ်နှစ်တာ အငှားချကစားရေး အတွက် ရီးရဲမက်ဒရစ်နှင့် မစ်ဒယ်ဘရော့တို့ သဘောတူညီ ချက်ရရှိခဲ့ပြီဖြစ်သည်။

## စစ်ဆေးမှုပြုလုပ်

အသက် ၂၆ နှစ်အရွယ် ဝုဒ်ဂိတ်သည် မစ်ဒယ်ဘရော့ ကလပ်တွင် ဆေးစစ်မှုပြုလုပ်ပြီး အပြောင်းအရွှေ့ နောက်ဆုံး ရက်ဖြစ်သည့် ဩဂုတ် ၃၁ရက်၌ ဆောင်ရွက်ဖွယ် ကိစ္စ များကို အပြီးအပြတ်ပြုလုပ်မည်ဖြစ်သည်။

## ရွေးချယ်

နယူးကာဆယ်အသင်းကလည်း ဝုဒ်ဂိတ်ကို ခေါ်ယူ ရန်ဆက်သွယ်ခဲ့သော်လည်း ဝုဒ်ဂိတ်က မစ်ဒယ်ဘရော့ ကိုသာ သွားရောက်ရန် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

## ကြိုးစား

မစ်ဒယ်ဘရော့သည် ပြီးခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်၌ ပို့စ်မောက်က မိမိကွင်း၌ပင် လေးဂိုးပြတ်သွင်းယူသွားခဲ့ သဖြင့် နောက်တန်းပြဿနာကို အပူတပြင်း ဖြည့်ဆည်း ရန်ကြိုးစားခြင်းပင်ဖြစ်သည်။

ဝုဒ်ဂိတ်ရောက်ရှိလာလျှင် မစ်ဒယ်ဘရော့ နောက်တန်း အားနည်းချက်ကို ဖြည့်ဆည်းပေးနိုင်လိမ့်မည် ဖြစ်ကြောင်း နည်းပြ ဂါရတ်ဆော့ဂိတ်က ပြောကြားသည်။

ဝုဒ်ဂိတ်သည် အင်္ဂလန်အသင်း နောက်တန်းခံစစ်မှူး တစ်ဦးဖြစ်ပြီး ၂၀၀၄ ခုနှစ် ဩဂုတ်လက ရီးရဲမက်ဒရစ်သို့ ပေါင်ငွေ ၁၃ ဒသမ ၄သန်းဖြင့် ပြောင်းရွှေ့သွားခဲ့ပြီး ရီးရဲအတွက် နှစ်နှစ်အတွင်း ၁၄ ပွဲကစားပေးခဲ့သူဖြစ် သည်။

## ခေါ်ယူ

ဝုဒ်ဂိတ်သည် ရီးရဲမက်ဒရစ်၌ ယခင်က ပုံမှန်နေရာ ရရှိနေသော်လည်း ရီးရဲနည်းပြသစ် ဖာဘီရိုကာပယ်လို



**ဂျိုနသန်ဝုဒ်ဂိတ်**

ရောက်ရှိလာပြီးနောက်ပိုင်း အီတလီ နောက်ခံကစားသမား ကင်နာဗာရိုကို ခေါ်ယူခဲ့ချိန်မှစတင်ကာ ပုံမှန်နေရာ မရသူ ဖြစ်နေခဲ့သည်။ **(အင်တာနက်)**

# ကမ္ဘာတစ်လွှား အားကစား

# ရီးရဲမက်ဒရစ်ကွင်းလယ်ကစားသမား ဂရာဗီဆင် ဆက်သွယ်သဘောတူညီမှုမရဘဲ ဆဲလ်တစ်သို့ထွက်ခွာ

**မက်ဒရစ် ဩဂုတ် ၃၀**

ရီးရဲမက်ဒရစ် ကွင်းလယ်ကစားသမား သောမက်စ် ဂရာဗီဆင်သည် စကော့တလန်ချန်ပီယံဆဲလ်တစ်အသင်း နှင့် သဘောတူဆက်သွယ်မှုမရှိဘဲ ဆဲလ်တစ်ပတ်ခ်သို့ ထွက်ခွာသွားပြီ ဖြစ်သည်။

ဆဲလ်တစ်၊ နယူးကာဆယ်၊ ဘော်လ်တန်၊ အဲဗာတန် နှင့် မစ်ဒယ်ဘရော့အသင်းများထဲမှ တစ်သင်းသင်းသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်းလည်း ဂရာဗီဆင်က ပြောကြား သည်။

## ပြောင်းရွှေ့မည်

၎င်းသည် ဆဲလ်တစ်တွင် ပြောင်းရွှေ့ရေးအတွက် ဆွေးနွေးပြီးလျှင် ဆေးစစ်မည်ဖြစ်ကြောင်း သိရသည်။ သို့ရာတွင် ၎င်းသည် အနာဂတ်နှင့်ပတ်သက်၍ ဆုံးဖြတ် ချက်တစ်စုံတစ်ရာမချမီ ၎င်း၏ဒိန်းမတ်အသင်းသို့လည်း သွားရောက်ပြန်ကစားလိမ့်မည်ဖြစ်သည်။

ဂရာဗီဆင်သည်၂၀၀၅ခုနှစ် ဇန်နဝါရီလက အဲဗာတန် မှ စပိန်ရီးရဲမက်ဒရစ်သို့ ပေါင်၂ဒသမ၅ သန်းဖြင့် ပြောင်းရွှေ့ လာသူ ဖြစ်သည်။

အသက် ၃၀ အရွယ်ရှိ အဆိုပါ ဂရာဗီဆင်သည် ဩဂုတ် ၃၁ရက်မတိုင်မီ ကလပ်အသင်းသစ်တစ်သင်းနှင့် စာချုပ်လိမ့်မည်ဟု မျှော်လင့်ရသည်။ **(အင်တာနက်)**




**ရီးရဲမက်ဒရစ်မှ ကျောခိုင်းထွက်ခွာလာသော ဂရာဗီဆင်။**

# ဆဲလ်တစ်ကွင်းလယ်ကစားသမား ပီထရို့ဗ်အား အက်စ်တွန်ဗီလာက ခေါ်ယူရန်နီးစပ်နေ

**ရေးသားတင်ပြသူ**
**မြင့်မောင်ခိုး**

**လန်ဒန် ဩဂုတ် ၃၀**

အက်စ်တွန်ဗီလာအသင်းသည် ဆဲလ်တစ်ကွင်းလယ် ကစားသမား စတီလီယန်ပီထရို့ဗ်အား ပေါင် ၆ သန်းဖြင့် ခေါ်ယူရန် နီးစပ်နေပြီဖြစ်သည်။




**အက်စ်တွန်ဗီလာမှ ခေါ်ယူရန် ကြိုးစားနေသော ဆဲလ်တစ်ကွင်းလယ်ကစားသမား ပီထရို့ဗ်။**

အသက် ၂၇ နှစ်ရှိ အဆိုပါ ကွင်းလယ်ကစားသမား သည် ဘူဂေးရီးယားအသင်းတွင် ပါဝင်ကစားရန် ဆဲလ် တစ်မှ ထွက်ခွာသွားကြောင်း၊ ၎င်းသည် အက်စ်တွန်ဗီလာ အသင်းနှင့်စာချုပ်ရန် ဆွေးနွေးထားပြီဖြစ်ကြောင်း ပီထရို့ဗ် ၏ အေးဂျင့်က ပြောကြားသည်။

## ခန့်ထား

အက်စ်တွန်ဗီလာအသင်း နည်းပြသစ် မာတင်အို နေးလ်သည် လွန်ခဲ့သောငါးနှစ်က ဆဲလ်တစ်တွင် ရှိနေစဉ် ပီထရို့ဗ်အား အသင်းခေါင်းဆောင်အဖြစ် ခန့်ထားပေးခဲ့သူ ဖြစ်သည်။

## လေ့ကျင့်

ယခင်ဆဲလ်တစ်နောက်တန်း ကစားသမားရှိဒိုင်ယာ အဂိတ်သည် ယခုသီတင်းပတ်တွင် ဗီလာအသင်း၌ လေ့ကျင့် နေပြီဖြစ်ကြောင်း သိရသည်။

ပီထရို့ဗ်သည် ၁၉၉၉ခုနှစ် ဇူလိုင်လက စီအက်စ်ကေ အေဆိုဖီယာအသင်းမှ ဆဲလ်တစ်အသင်းသို့ ရောက်ရှိ လာသည်။ ၎င်းသည် ဆဲလ်တစ်အသင်းအတွက် ပွဲပေါင်း ၂၅၀ကျော် ပါဝင်ကစားခဲ့ပြီးဖြစ်သည်။ **(အင်တာနက်)**

# ရိုးမားမှ အငှားလာရောက်ကစားသည့် မီဒိုအား တော့တင်ဟမ်ခေါ်ယူစာချုပ်ရန်သဘောတူ

**လန်ဒန် ဩဂုတ် ၃၀**

ရိုးမားအသင်းမှ မီဒိုအား တော့တင်ဟမ်အသင်းက စာချုပ်ချုပ်ရန် သဘောတူညီလိုက်ပြီဖြစ်သည်။

အသက် ၂၃နှစ်ရှိ အီဂျစ်တိုက်စစ်မှူးသည် အီတလီ ရိုးမားသို့ မပြန်မီ ပွိုက်ဟတ်လိန်း၌ အငှား ၁၈ လ လာရောက်ကစားခဲ့သူဖြစ်သည်။

## ပြောကြား

မိမိတို့သည် မီဒိုအား အငှားခေါ်ယူထားခြင်းမှာ ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း၊ ၎င်းကိုပြန်ခေါ်ရန် ဆန္ဒရှိကြောင်း စပါးနည်းပြ မာတင်ဂျိုးလ်က ပြောကြားသည်။

## ဂုဏ်ယူ

မိမိသည် စပါးအသင်းတွင် ကစားရသည်ကို နှစ်သက် မိကြောင်း၊ စပါးအသင်း၌ ကစားရသည်ကို ဂုဏ်ယူမိ ကြောင်း မီဒိုက ပြောကြားသည်။

အဆိုပါ အီဂျစ်တိုက်စစ်မှူးသည် ပြီးခဲ့သောရာသီက စပါးအသင်းတွင် ၂၇ ပွဲကစားပြီး ၁၁ ဂိုးသွင်းယူပေး နိုင်ခဲ့သည်။ ဘလက်ဘန်းနှင့် နယူးကာဆယ်တို့က ၎င်းအားခေါ်ယူရန် ကြိုးစားခဲ့သော်လည်း မီဒိုအနေဖြင့် စပါးအသင်း၌သာ ပြန်ကစားရန် အလိုရှိခဲ့ကြောင်း သိရ သည်။ **(အင်တာနက်)**




**တော့တင်ဟမ်အသင်းက စာချုပ်တော့မည့် မီဒို။**

# ဝမ်ဟတ် အထက မိဘဆရာအသင်း နှစ်ပတ်လည်စည်းဝေး ပညာရည်ချွန်ဆုချီးမြှင့်၊ ကျောင်းရန်ပုံငွေ အလှူငွေပေးအပ် လင်းခေး-မောက်မယ်လမ်းပြုပြင်ရန် ကျောက်များစုဆောင်း

လင်းခေး ဩဂုတ် ၂၇

လင်းခေးမြို့နယ် ဝမ်ဟတ်အထက၏ ၂၀၀၆-၂၀၀၇ခု ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၀ ရက်နံနက် ၉နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးကြီးမြင့်ဝေနှင့် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်းတို့က အမှာစကားပြောကြားကြပြီး ကျောင်းအုပ်ဆရာမကြီးဒေါ်တင်မြင့်က ကျောင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

**ဆုပေးအပ်**

ဆက်လက်၍ ၂၀၀၅-၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးကြီးမြင့်ဝေနှင့်ဇနီးတို့က ဆုများပေးအပ်ချီးမြှင့်ကာ ကျောင်းတွင်း အတန်းလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရသူများအား ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးအောင်မောင်းနှင့်ဇနီး ဒေါ်သန်းသန်းအေးတို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးကြီးမြင့်ဝေ၏ဇနီး ဒေါ်ခင်ယုလှိုင်က ကျောင်းရန်ပုံငွေအတွက် အလှူငွေကျပ် ၂၅၀၀၀ ကို ကျောင်းအုပ်ဆရာမကြီးထံပေးအပ်လှူဒါန်းပြီး ခရိုင်ဥက္ကဋ္ဌသည် အထကကျောင်း တိုးချဲ့ဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

**ခင်းကျင်းနိုင်ရေး**

ဆက်လက်၍ နံနက် ၁၁ နာရီတွင် ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် လင်းခေးမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ နိုင်ငံတော်၏ ခွင့်ပြုငွေကျပ်သိန်း ၂၇၀ဖြင့် လင်းခေး-မောက်မယ်လမ်းမိုင်တိုင် ၁၄/၀ မှ၁၆/၀အထိ တိုးချဲ့ပြုပြင် နှစ်မိုင်ကျောက်ချောလမ်း ခင်းကျင်းနိုင်ရေး ကျောက်များ စုဆောင်းထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

**ခြံစည်းရိုးကြက်ဆူပင်**

ထို့နောက် ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် နားလင်းကျေးရွာအုပ်စု နမ့်ထွန်ကျေးရွာသို့ ရောက်ရှိခဲ့ကြပြီး ကျေးရွာပြည်သူများ၏ ခြံစည်းရိုးကြက်ဆူစံပြစိုက်ခင်း ငါးဧကတွင် ကြက်ဆူပင်များ အသီးအပွင့်များဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာပြည်သူများ ဆက်လက်၍ ခြံစည်းရိုး ကြက်ဆူပင်များ ပိုမိုတိုးချဲ့စိုက်ပျိုးကြရန်နှင့် ဖြစ်ထွန်းနေသောအပင်များ ပေါင်းမြက်ရှင်းလင်း၍ ပြုစုပျိုးထောင်စိုက်ပျိုးကြရန် မှာကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



**ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချိုတို့ဩဂုတ် ၂ ရက်က ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှိုက်မှ မြေဆွေးထုတ်လုပ် ဆောင်ရွက်မှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဖန်ကျွမ်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ခိုင်တို့က ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)



# ဟသ်ာတခရိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပ

ဟသ်ာတ ဩဂုတ် ၂၄

**ဟသ်ာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် ဟသ်ာတခရိုင်(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၈ရက်နှင့် ၁၉ရက်တို့က ဟသ်ာတမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးကြည်တင်က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။** (အပေါ်ပုံ)

ပြိုင်ပွဲတွင် ခရိုင်အတွင်းရှိမြို့နယ် ခြောက်မြို့နယ်မှ ပညာရှင်၊ ဝါသနာရှင် အဆင့်နှင့် အခြေခံပညာအဆင့်တို့မှ ပြိုင်ပွဲဝင် ၇၅ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**ပေးအပ်ချီးမြှင့်**

ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၉ရက် ည ၇နာရီက ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)ဦးကြည်တင်နှင့် အဖွဲ့ဝင်များ၊ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ထူးချွန်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

**(ခရိုင် ပြန်/ဆက်)**

**အမြို့မြို့ အနယ်နယ် သတင်းများ**



# မြောင်းမြ ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်စည်းဝေး တက္ကသိုလ်ဝင်စာမေးပွဲထူးချွန်စွာ အောင်မြင်သူများဆုချီးမြှင့်

မြောင်းမြ ဩဂုတ် ၂၈

**မြောင်းမြမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)ကို ဩဂုတ် ၂၆ရက် နံနက် ၈နာရီက မြရွှေဝါခန်းမ၌ ကျင်းပသည်။**

**ဆွေးနွေး**

အစည်းအဝေးတွင် သဘာပတိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွဋ်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဧရာဝတီတိုင်း အလုပ်အမှုဆောင် ဦးဝင်းကိုကို (ခရိုင်တာဝန်ခံ)၊ ခရိုင်အလုပ်အမှုဆောင် ဦးလှဌေး(မြို့နယ်တာဝန်ခံ)နှင့် မြို့နယ်အတွင်းရေးမှူး ဦးပြုံးချိုတို့က အသင်း၏ မူဝါဒများ၊ ရှေ့ဆက်ရမည့်လုပ်ငန်းများနှင့် အသင်းအင်အား ကျစ်လျစ်ခိုင်မာရေးတို့အတွက် ဆွေးနွေးကြသည်။

ထို့နောက် ၂၀၀၅-၂၀၀၆ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် ငါးဦး၊ လေးဘာသာဂုဏ်ထူးရှင် ငါးဦးတို့အား ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

**(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**

# မြောက်ဦးမြို့၌ သောက်သုံးရေကန် တူးဖော် ရေလိုအပ်ချက် ဖြည့်ဆည်းပေးရန်ဆောင်ရွက်

**မြောက်ဦး ဩဂုတ် ၅**

မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည်ကျေးလက်ဒေသသောက်သုံးရေ ရရှိရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၃ ရက် နံနက်က တိန်ညို ကျေးရွာအုပ်စု အောက်သားကန်ကျေးရွာတွင် သောက်သုံးရေကန် တူးဖော်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးတင်မော်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမော်လွင်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

အဆိုပါ ရေကန်သည် အလျားပေ ၁၀၀၊ အနံပေ ၁၀၀၊ အနက် ခုနစ်ပေရှိ မိုးရေလှောင်ကန်ဖြစ်ပြီး နွေရာသီတွင် ကျေးရွာပြည်သူများအတွက် သောက်သုံးရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

**ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး (စည်းကမ်း) ဦးစံညွန့်ဦး၊ ဒုတိယဦးစီးမှူး (အခွန်) ဒေါ်ခင်ဝင်းမော်နှင့် အဖွဲ့တို့ ဩဂုတ် ၃ ရက်က အနေ့းယာဉ်များ လိုင်စင်ရှိမရှိကို ကွင်းဆင်းစစ်ဆေးကြစဉ်။**

(မြို့နယ်စည်ပင်)





**စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ အရာတော်မြို့ မြို့ဝင်ဆိုင်းဘုတ်အနီး မြေယာရှုခင်းအလှ ပြုပြင်ထားမှုကို ဇူလိုင် ၁၀ ရက်က ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)

# ရေနုတ်မြောင်းတူးဖော်

လားရှိုးမြို့ ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် လမ်းဘေးဝဲယာ ရေနုတ်မြောင်း တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းကို ဩဂုတ် ၃ ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပူးပေါင်း၍ လုပ်ငန်း **ဆောင်ရွက်ခြင်းကို ဒုတိယဦးစီးမှူး (သန့်) ဦးမျိုးဇော်ထွန်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။**

(မြို့နယ်စည်ပင်)



# မြေပုံမြို့ မဈေး စုပေါင်းသန့်ရှင်း

**မြေပုံ ဩဂုတ် ၅**

မြေပုံမြို့ မြို့မဈေးစုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဈေးသူဈေးသားများ စုပေါင်းဆောင်ရွက်ကြရာ ဇူလိုင် ၂၇ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်နိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**



# ဝါးခယ်မမြို့နယ်မိခင်/ကလေးစောင့်ရှောက်ရေးအသင်း စက်ချုပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

ဝါးခယ်မ ဩဂုတ် ၂၃

**ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ စက်ချုပ်သင်တန်း အမှတ်စဉ်(၂/၂၀၀၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၅ရက် မွန်းလွဲ ၁နာရီက မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်မော်မော်သန်း တက်ရောက် အမှာစကားပြောကြားသည်။**

**တွေ့ဆုံနှုတ်ဆက်**

အခမ်းအနားသို့ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွဋ်ဝင်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးစန်းဌေးတို့က တက်ရောက်အားပေးကြပြီး သင်တန်းသူများနှင့် နည်းပြများအား ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်သည်။**(အပေါ်ပုံ)**

**ကြီးကြပ်ပေး**

အဆိုပါ စက်ချုပ်သင်တန်းအမှတ်စဉ်(၂/၂၀၀၆)တွင် သင်တန်းနည်းပြများအဖြစ် ဦးစိုးအောင်နှင့်ဒေါ်ညွန့်ညွန့်စန်းတို့က ကြီးကြပ်ပေးကြသည်။

သင်တန်းသို့ သင်တန်းသူ ၃၆ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လနှင့် ခုနစ်ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ် သတင်းများ

# မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ လူနာများ လိုအပ်သောမျက်တွင်းမှန်၊ ဂျဲလ်နှင့် ချုပ်ကြိုးဝယ်ရန်ငွေလှူ

မန္တလေး ဩဂုတ် ၂၆

**မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီးသို့ အထူးကုဆရာဝန်ကြီးများခရီးစဉ်တွင် ညွှန်းပို့မျက်စိလူနာများခွဲစိတ်ကုသရာ၌ လိုအပ်သော မျက်တွင်းမှန်၊ ဂျဲလ်နှင့် ချုပ်ကြိုးဝယ်ရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၂ရက် မွန်းလွဲ ၂နာရီက အဆိုပါဆေးရုံကြီး၌ ကျင်းပသည်။**

**အမှာစကားပြောကြား**

အစီအစဉ်အရ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်ခင်ပြုံးဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမြင့်က ဂုဏ်ပြုစကား ပြောကြားပြီး အထူးကုဆရာဝန်ကြီးများ၏ ခရီးစဉ်၌ ညွှန်းပို့မျက်စိလူနာများခွဲစိတ်ကုသရာတွင် လိုအပ်သော မျက်တွင်းမှန်၊ ဂျဲလ်နှင့် ချုပ်ကြိုးဝယ်ယူရန်အတွက် အလှူငွေ ကျပ် ငါးသိန်းကို တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက ပေးအပ်လှူ ဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမြင့်က လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

**လက်ခံရယူ**

ဆက်လက်၍ ဆေးရုံအုပ်ကြီးက အလှူငွေကျပ်ငါးသိန်းကို လွှဲပြောင်းပေးအပ်ရာ မျက်စိအထူးကုဆရာဝန်ကြီး ကထိက ဒေါက်တာသင်းကြူအေးက လက်ခံယူသည်။



**လှည့်လည်ကြည့်ရှုအားပေး**

အခမ်းအနားတွင် တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များက မျက်စိခွဲစိတ်လူနာများအား လှည့်လည်ကြည့်ရှုအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)(သတင်းစဉ်)**

# မင်းဘူးမြို့နယ်ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေး

**မင်းဘူး ဩဂုတ် ၁၉**

မင်းဘူး(စကု)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကို ဩဂုတ် ၁၅ ရက်က မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးအောင်လွင်နှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်ကျေးရွာအုပ်စု ၇၄ခုမှကိုယ်စားလှယ် ၁၂၀ တက်ရောက်ကြသည်။

**အစီရင်ခံစာများတင်သွင်း**

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဦးအောင်လွင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး တွဲဖက်အတွင်းရေးမှူး ဦးစိန်ရွှေမင်းက စီမံရေး၊စီးပွားရေး၊ ပညာရေးရေ့လုပ်ငန်းစဉ်(၈)ရပ်အစီရင်ခံစာ၊အလုပ်အမှုဆောင် ဦးတင်အောင်နိုင်ကလူမှုရေး၊ယဉ်ကျေးမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းအကောင်အထည်ဖော်နိုင်မှု အစီရင်ခံစာများကို တင်သွင်းကြသည်။

**အကြံပြုဆွေးနွေး**

ဆက်လက်၍ ချောင်းဖြူကျေးရွာစည်းရုံးရေးမှူး ဦးချစ်ငွေ၊ လက်ခုပ်ပင်ကျေးရွာအမှုဆောင် ဦးဝင်းနိုင်၊ စကုအမှတ်(၃) စည်းရုံးရေးမှူး ဦးဝင်းကြည်တို့က အစီရင်ခံစာများအပေါ်သုံးသပ်အကြံပြု ဆွေးနွေးရာ အလုပ်အမှုဆောင် ဦးအေးရွှေက ပြန်လည်ရှင်းလင်းသည်။ ထို့နောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**(ခရိုင် ပြန်/ဆက်)**



**မြိတ် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဗိုလ်ချုပ်လမ်းဘေး သန့်ရှင်း သာယာလှပရေးအတွက် ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် အမှိုက်များ ရှင်းလင်းခြင်း တို့ ကို ဩဂုတ် ၄ရက်က စုပေါင်းဆောင်ရွက်ရာ ဒုတိယ လက်ထောက်အင်ဂျင်နီယာ ဦးကြည်စိုး ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

# ၁၁၆ ကြိမ်မြောက် သွေးလှူဒါန်း



**ရန်ကုန် ဩဂုတ် ၃၀**

သာကေတမြို့နယ် ၁၀/တောင်(၁၄)ရပ်ကွက် သလ္လာဝတီ ၄ လမ်း အမှတ်၁၆၆၆(က)နေ ဦးမောင်သိန်း ရဲတပ်ဖွဲ့(ငြိမ်း) လူမှုထူးချွန် ပထမဆင့်-ခန္ဓာကိုယ်နှင့် မျက်ကြည်လွှာ အလှူရှင်**(အပေါ်ပုံ)**သည် ဩဂုတ် ၄ ရက်က ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ၁၁၆ ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**(က-ပ)**

# အောင်ပန်းမြို့တွင် ဆွမ်းဆန်စိမ်းလောင်းလှူ

**အောင်ပန်း ဩဂုတ် ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)အောင်ပန်းမြို့ မြို့မလူငယ်များ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့က ဦးဆောင်၍ အကြိမ်(၄၀)မြောက် မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇူလိုင် ၁၀ရက်က ကျင်းပရာ အောင်ပန်းမြို့ မြို့မပြင်သာကျောင်း ဆရာတော် ဓမ္မာစရိယဘဒ္ဒန္တ ဦးနန္ဒာသိရီ အမှူးပြုသော ကျောင်းတိုက်ပေါင်း ၁၃ကျောင်းမှ ပင့်သံဃာပေါင်း ၇၁၃ပါးတို့ ကြွရောက်တော်မူကြသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ မြို့ပေါ်ရပ်ကွက် အသီးသီးနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ပြည်သူများက ဆန်အိတ်ပေါင်း ၁၀၀၀ ကျော် ကာလတန်ဖိုးငွေကျပ်သိန်း ၁၀၀ လောင်းလှူကြသည်။

**(ဝ၉၆)**

**၁၃၆၈ခုနှစ်**
**တော်သလင်းလဆန်း ၁၀ ရက်**
**၁-၉-၂၀၀၆ (သောကြာနေ့)**

# မြန်မာ့အသံ နားဆင်စရာ

**နံနက်ပိုင်း**

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အာဋာနာဋိယ သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၀း၀၀ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာရန် စံတေးသီချင်းများ (ခေတ်ဟောင်း/ကာလပေါ်)
- အခြေခံပညာအဆင့် (၅-၁၀) (အမျိုးသမီး)
  - (၁) မေတ္တာ-မြသက်မူ
- ပညာရှင်အဆင့် (အမျိုးသား)
  - (၂) ပတ္တမြားပလ္လင်- ဂီတာစိမ်းမောင်
  - (၃) ဗောဓိပင်နှင့် ရွှေပလ္လင်- ဒေါ်ကြည်အောင်

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မွေးမြူရေးရာ ပြန်ကြားလွှာ)

၁၁း၃၅ ထူးဆန်းထွေလာ သတင်းပဒေသာ

၁၂း၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ငှက်ဖျားရောဂါနှင့်တိုင်းရင်းဆေးပညာ)

၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (အသက်ထက်အလွန်)

**ညနေပိုင်း**

၁၆း၁၀ ရာသီခါမီတေးပန်းချီ
- (၁) မိုးသည်းည
- (၂) လွဲမှားမိုး
- (၃) မပြီးသည့်မိုး

၁၆း၃၀ ဟောပြောချက်(သားသမီးအပေါ် မေတ္တာထား ပိုလီယိုကာကွယ်ဆေးဖြင့် ရောဂါတား)

၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း
- (၁) ဥယျာဉ်မှူး၏စေတနာ (ခေါင်းကြီး)
- (၂) မြတ်ဆရာပီပီ (ဆောင်းပါးသရုပ်ဖော်)

၁၇း၅၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ

၁၈း၂၅ ကျေးလက်ဇာတ်လမ်း(ချစ်သူပန်ဖို့)

၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (မြို့ပြတို့ကို အဖတ်ဆယ်ခြင်း) (ပထမပိုင်း) မောင်ဆုရှင်

၁၉း၁၅ ကာလပေါ်တူရိယာအဖွဲ့ (အောင်စေ-ကာလပေါ်)

၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
- (၁) ခွင့်လွှတ်ရင်းနဲ့ နှစ်သိမ့်ပါ့မယ်
- (၂) ကမ်းခြေဇေယျာဦး
- (၃) ကိုယ့်အသက်ရှည်သမျှပါခင်



**ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကင်းမွန်းအင်း ကျေးရွာအုပ်စုဖြူးစုရွာနေ ဦးထွန်းညွန့်-ဒေါ်အေးမူတို့ မွေးဖွားသော သုံးမွှာပူးနှင့် တောကျွဲအင်းကျေးရွာ ပြည်တော်သာ ရပ်ကွက်နေ ဦးဌေးနောင်-ဒေါ်ထေလင်းတို့ မွေးဖွားသော သုံးမွှာပူးကလေးငယ်တို့အား ဩဂုတ်၁၉ရက်က တောကျွဲအင်းရပ်ကွက်ရုံး၌ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်စန်းစန်းမိုးက ငွေကျပ်၄၀၀၀၀နှင့် ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။** (မြို့နယ် ပြန်/ဆက်)

## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)
အနော်ရထာလမ်း၊ အမှတ်၉/၁၀၄၉ နေ
[(ဦးအောင်နိုင်)လူမှုဝန်ထမ်း ပြည်နယ်ဦးစီးမှူး –ငြိမ်း]နှင့်
ဒေါ်တင်တင်ဝင်းတို့၏ သားထွေး

**မောင်လင်းဇော်ဦး**

B.A°(Eco.), Diploma in Enterprise Development (C.C.C)

နှင့်

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) ပင်လုံလမ်း အမှတ်၃၅/၁၁၇၃ နေ
ဦးအောင်တင်(ညွှန်ကြားရေးမှူး–ငြိမ်း၊ စစစ) နှင့်
ဒေါ်စိန်စိန်(လက်ထောက်မန်နေဂျာ–ငြိမ်း၊ က ပ ရ)တို့၏ သမီးကြီး

**မအေးငြိမ်းအောင် B.A°(Eco.)**

တို့သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)တရားရုံး၌ ၃၁–၇–၂၀၀၆ ရက်တွင်
လက်ထပ်ပြီးစီးပါကြောင်း။

**မောင်လင်းဇော်ဦး–မအေးငြိမ်းအောင်။**

မိုးရာသီရေကူးသင်တန်း
တက္ကသိုလ်များရေကူးကန်(သထုံလမ်း)
သင်တန်းသူ/သားများ စတင်လက်ခံနေပါပြီ
☎: 01-500544, 701387, 095104140

## HAPPY BIRTHDAY

**မျိုးလေး**

**မျိုးလေးရဲ့မွေးနေ့မှာ ပျော်ရွှင်ခြင်းတွေက**
**တစ်ခဏမဟုတ်ဘဲ ထာဝရဖြစ်ပါစေ။**

**ဟိန်းစစ်အောင်။**

## ချိပ်ပိတ်တင်ဒါ

ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ မီဒီယာခန်းသုံးပစ္စည်းများ၊ Language Lab ပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါပိတ်ရက်မှာ ၁၂–၉–၂၀၀၆ ရက် ညနေ ၁၆:၀၀ နာရီ ဖြစ်ပါသည်။

တင်ဒါသွင်းရန်ပုံစံများကို ၁–၉–၂၀၀၆ ရက်တွင် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန၌ လာရောက်ထုတ်ယူနိုင်ပါသည်။ အသေးစိတ်သိလိုသည့်အချက်များကို အောက်ပါလိပ်စာအတိုင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ရုံးအမှတ် ၁၃၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ နေပြည်တော်၊ ပညာရေးဝန်ကြီးဌာန၊ ဖုန်း–၀၆၇–၄၀၇၃၉၅။

**ဥက္ကဋ္ဌ**
**ပစ္စည်းဝယ်ယူရေးအဖွဲ့။**

## ဩဂုတ် ၃၁ ရက် မွေးနေ့ရှင်အတွက် မွေးနေ့ဆုတောင်းလွှာ

ဩဂုတ်လ ၃၁ ရက်နေ့တွင်ကျရောက်သော **နန်းလင်းလင်းခိုင်** (ဒါရိုက်တာ စိန်ဝတ်မှုန် ကုမ္ပဏီလီမိတက်)၏ မွေးနေ့မှသည် နောင်နှစ်ပေါင်း ၁၂၀ တိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ထာဝရပြည့်စုံပါစေ၊ ဖြတ်သန်းရမည့် နောင်နှစ်များစွာတိုင် ဘဝနှင့် ဆန္ဒ ထပ်တူညီမှုစွာဖြင့် အောင်မြင်မှုသရဖူ ဆွတ်ခူးနိုင်ပါစေကြောင်းနှင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဝန်ထမ်းများ(စိန်ဝတ်မှုန် ကုမ္ပဏီလီမိတက်)**
**အောက်မြန်မာပြည်။**

MCC
Since 1986
Business & Commercial Studies ၏ မည်သည့်သင်တန်းမဆို
August 2006 Last Day Special 25 % Discount
(31.8.2006) တစ်ရက်တည်းသာ

RUBY
603178, 725317
Saloon, Van, Hilux, Publica



## ဘုန်းတော်ကြီးသင်ပညာရေးကျောင်း အာစရိယပူဇော် ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်ပွဲကျင်းပ

**ပန်းတနော် ဩဂုတ် ၂၀**

ပန်းတနော်မြို့နယ် ရေပေါ်ရေလဲကျေးရွာ(အထက်စု) ဘုန်းတော်ကြီးသင် ပညာရေးကျောင်း သုခိတာရုံ ညောင်ပင်ကျောင်းတိုက် ပဓာနနာယကဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိစ္စဦးဆောင်၍ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ပန်းတနော်မြို့နယ် သံဃနာယကအဖွဲ့(သုဓမ္မာ)ဥက္ကဋ္ဌ ပုခန်းကျောင်းတိုက် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာမိအား (၂၂)ကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၁၆ရက် နံနက် ၉နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

**ဆက်ကပ်**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြဦးက ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ လှူဒါန်းငွေကျပ် နှစ်သိန်းနှင့် အလှူရှင်များ၏ လှူဒါန်းငွေများကို တာဝန်ခံကျောင်းအုပ်ဆရာတော်ကိုယ်စား ဆရာတော် ဦးပညာသာမိထံ ဆက်ကပ်လှူဒါန်းသည်။

**(အပေါ်ပုံ)**

**ချီးမြှင့်**

ထို့နောက် ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(၃၂၇)**

**နေပြည်တော်မြို့ အမှတ်(၇)ရပ်ကွက် မဟာဗန္ဓုလလမ်းတစ်လျှောက် လမ်းဘေးဝဲယာရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရန် ရေမြောင်းများတူးဖော်မှုကို ဩဂုတ် ၁၂ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်နွဲ့နွဲ့ရီ ဦးဆောင်၍ တူးဖော်ရှင်းလင်းရာ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်သွင်တို့ ကြီးကြပ်ပေးစဉ်။** (၀၈၅)



## တိုင်းရင်းသား ရဟန်းသာမဏေများ ပညာသင်ကြားရန် ကျောင်းဆောက်ရန်ပါဝင်လှူဒါန်းလိုသူများ ဆက်သွယ်နိုင်

**ဟားခါး ဩဂုတ် ၃၀**

နယ်စပ်နှင့် တောင်တန်းဒေသတွင် သာသနာပြုလုပ်ငန်းများ အောင်မြင်လျက်ရှိသော ချင်းပြည်နယ် ဟားခါးမြို့ မြို့မသာသနာပြု စာသင်တိုက်မှ ချင်းတောင်တန်း သာသနာပြုဆရာတော် ဘဒ္ဒန္တတေဇောသာရ (ဓမ္မာစရိယ၊ ဘီအေ၊ ဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ပရိယတ္တိသာသနဟိတဓရ ဂုဏဝိသိဋ္ဌ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်)သည် ဓမ္မာစရိယတန်းရောက် ချင်းတိုင်းရင်းသား ရဟန်းသာမဏေများ ရန်ကုန်မြို့တွင် နေထိုင်ပညာသင်ကြားနိုင်ရန် တာမွေမြို့နယ် ကျိုက္ကဆံလမ်း အမှတ်(၃၁၄)မြေကွက်တွင် ချင်းပြည်နယ် ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေး သာသနာပြုကျောင်းတော်ကြီးကို အများကောင်းမှု ကုသိုလ်အလှူဖြင့် ဆောက်လုပ်လျက်ရှိသည်။

ကျောင်းတော်ကြီးသည် အလျားပေ ၉၀၊ အနံပေ ၃၀ သုံးထပ်ဖြစ်ပြီး လေးထပ်မြောက်တွင် စေတီ၊ တံခွန်တိုင်နှင့် သိမ်ပါဝင်မည်ဖြစ်သည်။ ချင်းပြည်နယ်တွင် ဗုဒ္ဓသာသနာကျယ်ပြန့်စွာထွန်းကားရေးနှင့် ကျောင်းတော်ကြီး အမြန်ပြီးစီးနိုင်ရေးအတွက် ကုသိုလ်ပါဝင်လှူဒါန်းလိုသူများသည် ချင်းတောင်တန်း သာသနာပြုဆရာတော် ဖုန်း–၀၉ ၅၀–၁၁၄၂၀၊ ၅၄၅၁၅၃ (ရန်ကုန်)နှင့် ၀၇၀–၂၁၁၃၂ (ဟားခါး) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က–ပ)**



**စဉ့်ကိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွှန့်လှိုင်နှင့်ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများစုပေါင်း၍ ဇူလိုင် ၂၂ ရက်က ဆေးရုံရှေ့တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

**ပဲခူးတိုင်း ရေတာရှည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဂုဏ်ပြုပွဲကို ဩဂုတ် ၈ရက်က ကျင်းပရာ မြို့နယ်အသင်းအတွင်းရေးမှူး ဦးသိန်းမြင့်ထွန်းက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းစဉ်။** (က–ပ)





**ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၁၄၃) ၂၃လမ်း ဦးဝင်း–ဒေါ်ကျင်အေး၊ သမီး မစိုးစိုးခိုင်၊ မောင်ကျော်ဆန်း–မကြူကြူခိုင်၊ မဥမ္မာခိုင်၊ မတင်တင်ခိုင်မိသားစုက ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတ မြို့ရှေ့ကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေ စေတီရံတစ်ဆူနှင့် နဂါးရုံဘုရားတစ်ဆူအတွက် အလှူတော်ငွေကျပ် နှစ်သိန်းနှစ်သောင်း ဆက်ကပ်လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုလွှာချီးမြှင့်တော်မူစဉ်။** (က–ပ)



**ဩဂုတ်၂၀ရက်က ဒဂုံမြို့သစ် (တောင်ပိုင်း) အမှတ် (၁၁) အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် သူငယ်တန်းမှ တတိယတန်းအထိ နှစ်စဉ် ပညာရည်ချွန်ဆုနှင့် ၂၀၀၅–၂၀၀၆ခုနှစ် တတိယတန်းတွင် ကျောင်းမိသားစုအဆင့်ဘက်စုံထူးချွန် ပထမဆုရသော မသက်စုခင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းသိန်းဆွေက ဆုချီးမြှင့်စဉ်။** (ပညာရေး)





နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဇန်းမော်ဒီဂရီကောလိပ်ကျောင်းဝင်းအတွင်းရှိ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ခေတ်မီနည်းစနစ်များနှင့်အညီ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးစပါးအထွက်နှုန်း ပိုမိုကောင်းမွန်ထွက်ရှိအောင် ကြိုးပမ်း

**နေပြည်တော် ဩဂုတ် ၃၀**

ကချင်ပြည်နယ် ဗန်းမော်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဩဂုတ် ၂၈ရက် နံနက်ပိုင်းတွင် ဗန်းမော်မြို့ရှိ နယ်မြေခံ တပ်နယ်ခန်းမသို့ ရောက်ရှိပြီး တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်သူများနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စံနမူနာပြဆောင်ရွက်ရေး၊ နှစ်ရှည်သီးနှံပင်များနှင့် ခြံစည်းရိုးကြက်ဆူပင်များ ပိုမိုတိုးချဲ့စိုက်ပျိုးရေးတို့ကို မှာကြားကာ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**တွေ့ဆုံ**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဗန်းမော်မြို့ မြို့တော်ခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၃၁**

၂၀၀၆ ခုနှစ် ဩဂုတ် ၃၁ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၄၉)နှစ်မြောက် လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင်ဟာဂျီအာမက် ဘာဒါဝီထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အမ်းချိုင့်ဝှမ်းကို ရော်ဘာချိုင့်ဝှမ်းဖြစ်အောင် စံနမူနာပြလုပ်ကိုင် မိုးစပါးလျာထားချက်ဧက ၁၂ သိန်းထက်ကျော်လွန်အောင် စိုက်ပျိုး

**နေပြည်တော် ဩဂုတ် ၃၀**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၅ရက် မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်မှ ငဖဲမြို့နယ် ပဒါန်းကျေးရွာ ပုသိမ်-မုံရွာကားလမ်းဆုံသို့ ရောက်ရှိရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

**ဖြည့်စွက်တင်ပြ**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မင်းဘူး-အမ်းကားလမ်းတစ်လျှောက်ရှိ လမ်းများ၏ အခြေအနေကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး *စာမျက်နှာ ၁၂ ကော်လံ ၁* ●

# ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၏ အနုပညာခရီးလမ်း အောင်မြင်မှု အနုပညာမျိုးဆက်သစ်တို့၏ အနာဂတ်အတွက် အားတက်မိစွမ်းရည်ပြ ပန်းချီ၊ ပန်းပုပြပွဲနှင့် ဂီတသဘင်စင်တင်ကပွဲများ တင်ဆက်

**သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း - သောင်းဝင်းဗိုလ်**

**ရန်ကုန် ဩဂုတ် ၃၀**

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ဖွင့်လှစ်ထားသော ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၏ ပန်းချီ၊ ပန်းပု ဘွဲ့ယူလက်ရာမွန်ပြပွဲနှင့် ဘွဲ့ယူစွမ်းရည်ပြ ဂီတ၊ သဘင်စင်တင် တင်ဆက်မှု အစီအစဉ်များကို ဩဂုတ် ၂၉ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

**နှစ်ထောင်းအားရ**

ယခုကျင်းပသော အခမ်းအနားမှာ ဒသမအကြိမ်ဖြစ်ပြီး ပန်းချီ၊ ပန်းပု၊ ဂီတ၊သဘင်ဟူသော ပင်ပို့ ရွက်နု ပွင့်လန်းမှုမှာ ၁၀ ကြိမ်ရှိပြီ ဖြစ်ကြောင်း၊ *စာမျက်နှာ ၆ ကော်လံ ၁* ■

ပန်းပေါင်းစုံလင် ဒို့ဥယျာဉ်တေးသရုပ်ဖော်ဖြင့် ဤသို့ တင်ဆက်ကပြခဲ့ကြသည်။ (ဓာတ်ပုံမှတ်တမ်း-သောင်းဝင်းဗိုလ်)

